
# ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်




ဓါတ်ပုံ ဒီဗွီဘီ

ဂါရင့်နိုင်ငံရေးသမား သတင်းစာဆရာကြီး ဦးဝင်းတင်၏
လွတ်မြောက်လာသည့် ပထမနေ့တွင် ပြောကြားချက်များ

ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်



ကျွန်တော်အခုလွတ်လာတယ်။ အခုလွတ်လာတယ်ဆိုတာ ၄ နာရီလောက်က လွတ်လာတာပေ့ါဗျာ။ အိမ်ကိုရောက်လာတယ်။ ထောင်ကိုဆန္ဒပြပြီးတော့ မကျေနပ်ကြောင်းကိုပြောပြီးတော့ ကျွန်တော်လွတ်လာခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လွတ်လာလဲဆိုတော့ သူတို့က ကျွန်တော်ကိုလွှတ်တာဟာ ဒီနေ့လွှတ်တာဟာ ၄၀၁ နဲ့လွှတ်တယ်ဆိုပြီးတော့လာပြောတယ်။ ၄၀၁ ဆိုတာက လက်မှတ်ထိုးရ တယ်ဗျာ။ လက်မှတ်ထိုးရမယ် နောက်ပြီးတော့ နိုင်ငံရေးတို့ အစိုးရဆန့်ကျင်ရေးတို့ ဘာတို့မလုပ်ပါဘူး။ လုပ်ရင် ထောင်အကျခံပ့ါမယ်ဆိုတဲ့ဟာကိုပြောတယ်။ ကျွန်တော် ဒါကိုလက်မခံဘူးလို့ပြောတယ်။ ကျွန်တော်ကန့်ကွက်ဆန္ဒပြတဲ့အနေနဲ့ ထောင်အဝတ်အစားပဲ ကျွန် တော်ဝတ်မယ်၊ ဘာမှ မဝတ်နိုင်ဘူး။ ကျွန်တော်ကန့်ကွက်ဆန္ဒပြတဲ့ပုံသဏ္ဍာန်နဲ့ထွက်လာခြင်းကို သူတို့လက်ခံပါတယ်။ သို့ သော် သူတို့ အိမ်ကိုတော့ပြန်ပို့ပါရစေ ထောင်ကတော့ထွက်ပါလို့ပြောတယ်။ လက်မှတ်လဲမထိုးဘူး ကျွန်တော်ပြောတယ်၊ လက်ခံလဲမခံဘူး။ ခင်ဗျားတို့ပြောတာလဲ ကြားတယ်လို့မယူဆဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကွန်တော်ကို အစည်းအဝေးခန်းထဲခေါ် လာပြီး သူတို့ကဖတ်ပြသေးတယ် အဲဒီ ၄၀၁ ကို။ ကျွန်တော်ကပြောတယ် လက်မခံဘူးလို့။ အိမ်တိုင်ယာရောက်လာပို့တယ်။ ကျွန်တော်ကန့်ကွက်ဆန္ဒပြတဲ့အနေနဲ့ ထောင်အဝတ်အစားနဲ့ကျွန်တော်ထွက်လာတယ်။ ကျွန်တော်အခု ဝတ်ထားတာ ခင်ဗျားတို့နဲ့စကားပြောနေချိန်မှာလဲ အခုဝတ်ထားတာ ကျွန်တော်ထောင်အဝတ်အစားပဲဝတ်တယ်။

ကျန်းမာရေးအခြအနေက ကျွန်တော်ကောင်းတယ်ခင်ဗျ။

ကျွန်တော်က လုပ်မယ်ဆိုတာတော့ ဆုံးဖြတ်ချက်ချတယ်။ ဘယ်ပုံစံနဲ့လုပ်မယ်ဆိုတာတော့ မသိဘူးခင်ဗျ။ မသိဘူးဆိုတာက ဘာလို့ဆိုတော့ အပြင်မှာ ဘယ်လိုပုံစံနဲ့ရှိနေမှန်း ဘယ်လိုရှိနေမှန်းကျွန်တော်မသိဘူး။ ကျွန်တော်နဲ့ အဲန်အယ်လ်ဒီနဲ့လဲ ဘာအဆက်အသွယ်မှုဒီအတောအတွင်းနှစ်ပေါင်းများစွာအတွင်းမှာ မရှိခဲ့ဘူး။ ကျွန်တော်ပြောနိုင်တာတခုကတော့ အဲန်အယ်လ်ဒီ လုပ်နေတာဟာ အခု အဲန်အယ်လ်ဒီ ဒီနောက်ပိုင်းမှာ အထူးသဖြင့် အခုအပိုင်းမှာ ရပ်တည်ချက်တွေဟာ ကောင်းတယ်၊ မှန်တယ်၊ နောက်ပြီးတော့ လုပ်သင့်လုပ်ထိုက်တာတွေလုပ်နေတယ်လို့ ယူဆတဲ့အတွက် ကျွန်တော်အဲန်အယ်လ်ဒီနဲ့တွဲလုပ်ဖို့ အဲန်အယ်လ်ဒီကတာဝန်ပေးရင် အဲန်အယ်လ်ဒီကခိုင်းရင်လဲကျွန်တော်လုပ်ဖို့ အဆင်သင့်ပဲကျွန်တော်ရှိတယ်လို့ ကျွန်တော်ကဒီလိုပဲယူဆတယ်။
(အပြင်ကနိုင်ငံရေးအခြေအနေတွေကိုကြားရသိရခြင်း)မရှိဘူးခင်ဗျ။ ကျွန်တော်တယောက်တည်းနေရတာက ကျွန်တော် နှစ်ပေါင်း ၂၀ ဟာတယောက်တည်းပဲထားတာခင်ဗျ။ ကျွန်တော်ကိုဘယ်သူနဲ့မှ ကျွန်တော်ကို ဟိုဒင်းမပြဘူး။ ကျွန်တော်နိုင်ငံရေးသမားတွေနဲ့ မနေရဘူး။ ကျွန်တော်တယောက်တည်းပဲ ပိတ်ထားတာ။ အဲဒီတော့ ဘာမျှနိုင်ငံရေးဆွေးနွေးခြင်းတို့ ပြောဆိုခြင်းတို့မရှိဘူးခင်ဗျ။
ကွန်တော်ထောင်ဟာ ထောင်နဲ့ပတ်သက်ပြီးတော့ ဟိုး ညွှန်ချုပ်တွေ သို့မဟုတ်လဲ သူ့ထက်ကြီးတဲ့ ဟိုဒင်းကစပြီးတော့ ဒီအစိုးရနဲ့ပတ်သက်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလိုပုဂ္ဂိုလ်မျိုးစပြီးတော့ ကျွန်တော်တို့ ဒီမှာ ထောင်ဂါဒ်ါအထိ ကျွန်တော်တို့ ဘာမှ အာဃာတသော်၄င်း စိတ်ထဲမှာ မကျေလည်တာတို့ မကြည်လင်တာတို့ မကျေနပ်တာတို့ မကောင်းတာမြင်တာတို့ မရှိပါဘူး။ ဘာမျှမရှိဘူး။

ကွန်တော်တို့မကြိုက်တာကတော့ စစ်အာဏာယန္တရားကြီး စစ်အာဏာယန္တရားကြီး တိုင်းပြည်ကိုနိပ်စက်နေတာ စစ်အာဏာယန္တရားကြီး၊ ဒီမိုကရေစီအတုအယောင်တွေပေးပြီးတော့ လူတွေကိုလှည့်နေတာတွေ၊ တိုင်းပြည်မှာ အမျိုးစုံ ငွေတွေ corruption တွေနဲ့အမျိုးစုံဂင်ပြီးပျက်စီးနေတာတွေ၊ တိုင်းပြည်မှာ လူတွေ ထမင်းမဝတာတို့ ဟင်းမဝတာတို့ စာမသင်ရတာတို့ လူတွေ ဘဝတွေပျက်နေတာတို့ ဒါတွေအကုန်လုံးဟာ စစ်အာဏာယန္တရားကြီး ရှိနေလို့။ ကွန်တော် စစ်အာဏာရှင်တို့ ဘာတို့လို့မပြောပါဘူး။ စစ်အာဏာယန္တရားကြီးကိုဖျက်သိမ်းပါ၊ သိမ်းပြီးတော့ တိုင်းပြည်မှာ ဒီမိုကရေစီ ပြည့်စုံနိုင်သမျှပြည့်စုံတဲ့ဒီမိုကရေစီ စစ်မှန်နိုင်သမျှစစ်မှန်တဲ့ ဒီမိုကရေစီ အဲဒါကိုပြီးအောင်လုပ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်။
ဆက်လုပ်စရာလေးတွေ ကျွန်တော်လုပ်ပ့ါမယ်။ လုပ်တဲ့နေရာမှာ ကျွန်တော်ကို ဝိုင်းပြီးကူကြပါ။ ကျွန်တော်ကို ဆုံးမကြပါ။ ကျွန်တော်ကို ဝေဖန်ကြပါ။ ကျွန်တော်ကိုအကြံပေးကြပါ။ လက်တွဲနိုင်တဲ့သူ တွဲကြပါ။ ကျွန်တော်ပြောချင်တာဒါပါပဲခင်ဗျာ။
***(၂၀၀၈ စက်တင်ဘာ ၂၃ ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းခန်းမှကောက်နှုတ်ချက်)*** ***************************************

## ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်



**သတင်းစာဆရာကြီး ဦးဝင်းတင်။**
**စက်တင်ဘာ ၂၃၊ ၂၀၀၈။**
**(ဓာတ်ပုံ-ဗွီအိုအေမြန်မာပိုင်း)**

*မြန်မာစစ်အစိုးရက အာဏာပိုင်တွေက ထောင်နဲ့ချီတဲ့ အကျဉ်းသားတွေကို နိုင်ငံတဝှမ်းမှာရှိတဲ့ ထောင်တွေကနေ လွှတ်ပေးရာမှာ အသက် ၇၈ နှစ်အရွယ် ထင်ရှားတဲ့ သတင်းစာဆရာကြီး ဦးဝင်းတင် အပါအဝင် နိုင်ငံရေးအကျဉ်းသားတချို့လည်း ပါဝင်ခဲ့ပါတယ်။*

*မြန်မာစစ်အစိုးရ အာဏာပိုင်တွေကတော့ တည်ဆဲဥပဒေအရ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားတွေကို နိုင်ငံတော်သစ် ထူထောင်ရာမှာ အကျိုးပြုမယ့် နိုင်ငံသားတွေ ဖြစ်လာစေဖို့ ရည် ရွယ်ပြီး အကျဉ်းသား စုစုပေါင်း ၉,၀၀၂ ယောက်ကို အခုလို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တာလို့ ဆိုပါတယ်။*

*ဒါပေမယ့် ဒီလိုပုံစံမျိုးနဲ့ လွှတ်ပေးတာမျိုးကို လက်မခံ ဆန့်ကျင်တဲ့ကြားကပဲ သတင်းစာဆရာကြီး ဦးဝင်းတင်ကို ဒီကနေ့ ရန်ကုန် အင်းစိန်ထောင်ကနေ ပြန်လွှတ်ပေးလိုက်ပါတယ်။ ထောင်ကနေ ပြန်လည်လွတ်မြောက်လာပြီး မိတ်ဆွေတယောက်အိမ်မှာရောက်နေတဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်ကို ကိုအောင်လွင်ဦးက ဆက်သွယ်မေးမြန်းတဲ့အခါ ဦးဝင်းတင်က အခုလိုစပြောပါတယ်။*

"ကျနော် ဝမ်းလည်းမနည်းဘူး၊ ပီတိလည်းမဖြစ်ဘူး၊ ဝမ်းလည်းမသာဘူး။ ကျနော် လုပ်စရာရှိတာ လုပ်ဖို့ ထွက်လာတာ။ ထွက်တဲ့အခါမှာလည်း ကန့်ကွက်ဆန္ဒပြပြီးထွက်လာတာ။ ဘာဖြစ်လို့လဲဆို တော့ အခု ၄၀၁ နဲ့လွှတ်တဲ့ လူ ၉,၀၀၂ ယောက်ထဲမှာ ကျနော့်ကိုထည့်ပြီးလွှတ်တာ ကျနော်လက် မခံဘူး။ ဒါနဲ့ပတ်သက်လို့ ကျနော် လုံးဝလက်မခံဘူး။ လက်မှတ်ထိုးခြင်းသော်လည်းကောင်း၊ ဒါ အ ခုမှမဟုတ်ဘူး၊ ၉၀ ခုနှစ်ကတည်းက လက်မခံတဲ့ အလုပ်ပဲ။

"တလျှောက်လုံး ကျနော် ဒါတွေကို လက်မခံတဲ့အတွက် ကျနော့်ကို ခင်ဗျားတို့ထောင်ထဲကနေ ဆွဲ ထုတ်၊ ကျနော်ကတော့ မထွက်ဘူး။ အဲတော့ ခင်ဗျား ဒီလို မထွက်ဘဲတော့ နေလို့မရဘူးတဲ့၊ ထွက် ရမယ်ထင်တယ်တဲ့။ မထွက်ရင် ကျနော်လည်းပြုတ်မယ်တဲ့၊ ဒု-ချုပ်က။ ကျနော့်ကို ညွှန်ချုပ်ရော၊ ဒု-ချုပ်ရော၊ ထောင်မှူးတွေရောအကြိမ်ကြိမ်လာပြီး ဆွေးနွေးတယ်။ အဲတော့ ကျနော်က ခင်ဗျားတို့ လုပ်ချင်တာလုပ်၊ ကျနော်က တော့ ထောင်အဝတ်အစားနဲ့ပဲ ကန့်ကွက်ဆန္ဒပြတဲ့အနေနဲ့ ထွက်မယ်။ ဆိုတော့ ဒီထောင်အဝတ်အစားက အစိုးရပစ္စည်းဖြစ်နေတယ်တဲ့။ အစိုးရ ပစ္စည်းဖြစ်နေတယ်ဆိုရင် ခင်ဗျားတို့ ဆွဲချွတ်ယူလိုက်ကြ၊ ကျနော် ကိုယ်တုံးလုံးကျွတ်ပဲ ထွက်သွားမယ်ဆိုတော့ အဲလိုတော့ မလုပ်ပါနဲ့ဆိုပြီး နောက်ဆုံးပိတ်လည်းကျရော ထွက်လာတယ်။

"အခု ကျနော် ဘာပစ္စည်းတွေ ပါတယ်၊ မပါဘူး ကျနော်မသိဘူး။ သူများဆီက ငှားဖတ်တဲ့ စာအုပ်ကအစ၊ အပြင်ကနေပေးတဲ့ စာအုပ်ကအစ ဘာမှကို လှည့်မကြည့်ဘူး။ကျနော့်ပစ္စည်း ဒါဟုတ်တယ်၊ ကျနော်မပြောဘူး။ အခန်းအပြင်ထွက်ပြီး ကျနော်ထိုင်နေတယ်။ ပြီးတော့ သူတို့လုပ်ပြီး ကျနော့်ကို ပို့တာပဲ။ အခုဝတ်ထားတာ အင်္ကျီအပြာ၊လုံချည်အပြာ၊ ထောင်အဝတ်အစားနဲ့နေတာ။

"အဲတော့ ကျနော့်မှာ ဝမ်းသာခြင်းသော်လည်းကောင်း၊ ဝမ်းနည်းခြင်းသော်လည်းကောင်း မရှိဘူး။ ကျနော်က ဒီလူတွေအပေါ်မှာ စိတ်ဆိုးခြင်း၊ အာဃာတထားခြင်းလည်း မရှိဘူး။ တခုပဲရှိတာ၊ ကျနော် ဒီဟာနဲ့ပတ်သက်လို့တော့ ကျနော့်မှာ ဆန္ဒပြတဲ့သဘော၊ ကန့်ကွက်တဲ့သဘော အဲဒါ တော့ ခံစားချက်အနေနဲ့ ရှိတယ်လို့ ကျနော်ပြောချင်ပါတယ်။"

*နောက်တခုက ဆရာ အရင်တခေါက်တုန်းကလည်း လွတ်တော့မလို၊ လွတ်တော့မလိုဖြစ်ပြီးတော့ ထောင်ဘူးဝရောက်မှ ပြန်သွင်းသွားတယ်ဆိုတာ ဒီလိုအခြေအနေမျိုးကြုံခဲ့ရလို့ပဲလား ဆရာ။*

"အဲဒီဟာကတော့ အခုလိုမဟုတ်ဘူးခင်ဗျ။ အဲဒါကြတော့ ကျနော်က ဘာမှမပြောဘူး။အဲဒီအချိန်တုန်းက ကျနော် မကန့်ကွက်ဘဲ သူတို့လာခေါ်တဲ့အတိုင်း လိုက်သွားတယ်။ လိုက်သွားတဲ့အကြောင်းက ကျနော်က အနစ် ၂၀ ကျတာ။ အနစ် ၂၀ ကျရင် ထောင်ရဲ့ထုံးစံ လျှော့ရက်ရှိတယ်၊ ချုပ်ရက်ရှိတယ်၊ ကျခံတဲ့ရက်တွေရှိတယ်။ အဲဒါတွေလုပ်ရင် ၄ နှစ်ကျော်ကျော် ရတယ်။ အဲတော့ ထောင်အနစ် ၂၀ သမားက ၁၆ နှစ်လောက်ဆို လွတ်တယ်ဆိုတော့ ကျနော်ကလည်း ကျနော့်ကို ၁၆ နှစ်ပြည့်လို့ လွှတ်တယ်ထင်လို့ဒီတိုင်းလိုက်သွားတယ်။

"ဒါပေမယ့် ဟိုရောက်တဲ့အခါကျတော့ ညွှန်ချုပ်က ပထမ မိန့်ခွန်းပြောတယ်။ ကျနော်တယောက်တည်းကို နာမည်ထုတ်ပြောတယ်။ ဦးဝင်းတင်ရဲ့ စာတွေ ဖတ်ဖူးတယ်၊ ဘာညာ ထည့်ပြောတယ်။ ပြီးတော့ ဝန်ကြီးလာလိမ့်မယ်၊ လူ ၁၀ ယောက် နေခဲ့ပါဆိုပြီး ယောကျ်ား ၈ ယောက်၊ အမျိုးသမီး ၂ ယောက် ထားခဲ့တယ်။ ပြီးတော့ ထမင်းကျွေးတယ်။ ပြီးလည်းပြီးရော ကျနော့်ကို ခဏလိုက်ခဲ့ပါဦးလို့ ခေါ်သွားပြီး အဆောင်ပြန်ပို့လိုက်တယ်။

"အဲဒီအချိန်တုန်းကတော့ ကျနော်က ကန့်ကွက်ဖို့တို့ ဘာတို့ မရှိဘူးလေ။ ကျနော့်ကိုလွှတ်တဲ့ရက်နဲ့ ပုံသဏ္ဌာန်အတိုင်း ၁၆ နှစ်ပြည့်တဲ့အတွက်

## ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်

လွတ်တဲ့ရောက်တော့ရောက်နေပြီ။ အဲဒါက ၂၀၀၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ဗျ။ ကျနော်ဂင်တာက ၃ ရက်နေ့ဆိုတော့ စုစုပေါင်း ၁၆ နှစ်နဲ့ သုံးလေးရက်လောက် ပိုတယ်ဆိုတော့ အဲဒါကြောင့်ကျနော် လိုက်သွားတာ။ ဟိုကျတော့ သူတို့ကလည်း မလွှတ်ဘဲနဲ့ ပြန်ထည့်လိုက်တယ်။

"အခု ဒီအပတ်ကျတော့ ကျနော့်ကိုလွှတ်မယ်ဆိုရင် လွှတ်ကိုလွှတ်ရတော့မှာ။ မလွှတ်လို့ကို မရဘူး။ ကျနော်ကမေးတယ်၊ ခင်ဗျားတို့ ဘယ်သူက ဖမ်းတာလဲ၊ အစိုးရအဖွဲ့လား၊ ဝန်ကြီးလား၊ ဒီလူတွေမှာ တာဝန်ရှိတယ်၊ ဘယ်သူက တာဝန်ယူမှာလဲ။ ခင်ဗျားတို့တွေကျနော့်ကို မတရားချုပ်ထားတာ။ ကျနော် တရားစွဲမယ်ဆို စွဲလို့ရတယ်။ ဒါပဲဗျ။ အဲဒါကိုကျနော်ကန့်ကွက်တာ။"

*သူတို့က ဒီနေ့သတင်းစာမှာ အကျဉ်းသား ၉,၀၀၂ ဦးကိုလွှတ်မယ်တဲ့၊ ပြစ်ဒဏ်ကျခံနေရာက လွတ်ငြိမ်းသက်သာခွင့်ပေးတာဆိုပြီး ပြောပါတယ်။ ဆရာတို့ကျတော့ ဒါလွတ်ငြိမ်းသက်သာခွင့်လို့ ပြောနိုင်ပဲ့မလား။*

"အဲဒါကြောင့် လွတ်ငြိမ်းသက်သာခွင့်ဆိုတာကို ကျနော်က လက်မခံဘူး။ ကျနော်တလျှောက်လုံးကိုင်စွဲလာတာ တစ်၊ ဒေါ်စုအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးပါ။ နှစ်၊ ကျနော်တို့ခံစားခွင့်အရ လက်မှတ်ထိုးတာတို့ ဘာတို့ လုံးဝမလုပ်နိုင်ဘူး။ နိုင်ငံရေးအကျဉ်းသားပဲ၊ ခင်ဗျားတို့ ထည့်ချင်သလောက်ထည့်ထား။ အဲဒီအတွက်ဒီနေ့ သတင်းစာထဲမှာပါတဲ့ စကားလုံးက လွတ်ငြိမ်းချမ်းသာခွင့်မဟုတ်ဘူးဗျ။ထောင်ကျခံခြင်းမှ ရပ်စဲလိုက်တယ်ဆိုတဲ့ဟာ။

"သူတို့ကတောင် ပြောတယ်၊ အန်ကယ် အဲဒါတွေ သိပ်ပြောမနေပါနဲ့တဲ့။ အန်ကယ်ထောင်က မထွက်ဘူးသာပြောနေတယ်။ ဒါ ရပ်စဲသွားရင် ထောင်က ထွက်သွားတာနဲ့အတူတူပဲပေါ့တဲ့။ အဲတော့ ကျနော်က မဟုတ်ဘူးဗျလို့၊ ထောင်ကထွက်သွားတဲ့အတွက် ရပ်စဲတယ်ဆိုတာကို ကျနော်လက်မခံဘူး။ ကျနော်က ခင်ဗျားတို့ ရပ်စဲပေးမှကို ထောင်ကထွက်မယ်၊ အဲဒါပဲ။ မတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အဆိုအရတော့ ထောင်က လွှတ်ပေးတယ်ဆို ထွက်၊ ဘူးရှေ့ကနေထွက်သွား။ အဲဒါဆိုရင် ထောင်ကျခံခြင်း ရပ်စဲသွားတာပေါ့။ ကျနော်က လက်မခံဘူး။ ခင်ဗျားတို့ ရပ်စဲရမယ်။ ရပ်စဲမှသာလျှင် ကျနော် ထောင်ကထွက်နိုင်မယ်။

"အဲဒါကို ကန့်ကွက်တဲ့၊ ဆန္ဒပြတဲ့အနေနဲ့၊ ကျနော် ထောင်ဘူးဂထဲမှာ စတွေ့တဲ့သတင်းထောက်ကိုလည်း ပြောခဲ့တယ်။ ကျနော် များများပြောစရာမရှိဘူး၊ ကျနော်မကျေနပ်ဘူး။ အဲတော့ ကန့်ကွက် ဆန္ဒပြတဲ့အနေနဲ့ ဒီအဂတ်အစားနဲ့ ထွက်လာတယ်လို့ ပြောခဲ့တယ်။ ဒါပဲဗျ။"

*အခုတော့ ဆရာ ပြန်လွတ်လာပြီဆိုတော့ ရှေ့လျှောက် ဘာတွေလုပ်ဖို့ စဉ်းစားထားလဲဆရာ။*

"ရှေ့လျှောက်ကတော့ လုပ်မှာပဲဗျ။ လုပ်ရမှာပဲ။ ဒီမိုကရေစီအတွက် လုပ်ရမှာပဲ။ ဘယ်လောက်လုပ်နိုင်မယ်၊ ဘယ်လောက်လုပ်တတ်သလဲ၊ ဘယ်လောက်လုပ်ဖို့ အစွမ်းအစရှိသလဲ၊ ဒါ ကျနော် မသိဘူး၊ ပြောလို့မရဘူး။ ကျနော်တယောက်တည်း ပြောလို့ရတဲ့ကိစ္စလည်း မဟုတ်ဘူး။ နိုင်ငံရေးဆိုတာ တယောက်တည်းလုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး။ အဖွဲ့အစည်းနဲ့၊ ဖြစ်နိုင်ရင် အစုနဲ့ အပေါင်းနဲ့ ဒီလိုလုပ်ရတဲ့ဟာ။

"အဲတော့ ကျနော် ဘယ်လောက်လုပ်နိုင်မယ်ဆိုတာ ကျနော်မသိဘူး။ ကျနော့်ကျန်းမာရေးအခြေအနေ ဘာညာလည်း ကျနော်မသိဘူး။ သို့သော် ကျနော် ဒါတွေအကုန်လုံးကို မေ့ထားလိုက်ပြီး ပြောချင်တာတခုကတော့ ကျနော်လုပ်စရာရှိတာတွေ ဆက်လုပ်သွားဦးမယ်။ အဲလို  လုပ်စရာရှိတာတွေ ဆက်လုပ်တဲ့နေရာမှာ ကျနော့်ကိုဝိုင်းပြီးကူကြပါ၊ ကျနော်နဲ့ လက်တွဲကြပါ၊ ကျနော့်ကို ဆုံးမကြပါ၊ ကျနော့်ကို ဝေဖန်ကြပါ၊ ကျနော့်ကို လမ်းညွှန်ကြပါ၊ ဒါပဲ ကျနော်ပြောချင်တယ်။

"အဲလို တွဲလုပ်မယ့်လူတွေဟာ အန်န်အယ်လ်ဒီလို အဖွဲ့အစည်းဖြစ်မလား၊ ဒါ ကျနော်မသိဘူး။ အလားတူပဲ ရဲဘော်တွေ၊ မိတ်ဆွေတွေနဲ့ အပေါင်းအစုဖြစ်မလား၊ ဒါလည်းကျနော် မသိဘူး။ သို့သော် ကျနော်ကတော့ လုပ်မယ်လို့ ဆုံးဖြတ်ပြီးပါပြီ။ လုပ်မှာပဲ၊ ဘယ်လောက်လုပ်မလဲ၊ ဘယ်လိုလုပ်မလဲ။ ဒါတွေကတော့ တဖြည်းဖြည်း ပေါ်လာမှာပေါ့။

"ဘာဖြစ်လို့လဲဆိုတော့ ကျနော် တယောက်တည်းနေရတာ နှစ်ပေါင်း ၂၀ ရှိနေပြီ။ စာဖတ်ရတာလည်း လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်ကမှ စာဖတ်ရတာ။ ဟိုတုန်းက ဘာစာမှကို မဖတ်ရဘူးဗျ။ ကျနော် ဒီလိုပဲ၊ မြေနီခဲလေးဘာလေးတွေ့ရင် နံရံမှာရေး၊ စာကျက်၊သတင်းစာအစုတ်လေးတွေရရင် အဲဒါတွေဖတ်၊ အဲဒီလို ဆယ့်လေးငါးခြောက်နှစ် နေခဲ့ရတာ။ အခု ကျနော် သတင်းစာတွေ ဘာတွေ ဖတ်ရတာ နှစ်နှစ် သုံးနှစ်လောက်ပဲ ရှိသေးတယ်။ အဲဒါတောင် အစိုးရသတင်းစာပဲ ဖတ်ရတာ။ နောက်ပိုင်းမှာမှ ဂျာနယ်တွေဘာတွေ သွင်းပြီး ဖတ်ရတာ။"

**စက်တင်ဘာ ၂၃၊ ၂၀၀၈။ (ဗွီအိုအေမြန်မာပိုင်းဌာနမှ ဦးအောင်လွင်ဦးနှင့် တွေ့ဆုံမေးမြန်းခန်းမှ)**

*************************************************************************



*ဒီနေ့လွှတ်လာတဲ့အကြောင်းလေးများ ကျွန်တော်ကိုပြောပါလားဆရာရယ်*

အဲ ဒီနေ့မနက် ကျွန်တော်ကို အစောကြီး လာပြောတယ်၊ လွှတ်ပေးမယ်၊ ပစ္စည်းတွေ ဘာတွေပြင်ပါလို့ လာပြောတယ်။ ထောင်မှူး အဲ ဂငး်ကိုတာဂန်ခံတဲ့သူက။ ကျွန်တော်ကပြောတယ် - မလုပ်နိုင်ဘူး။ ဟောဒီမှာ ကျွန်တော်စာအသင့်ရေးပြီးသားရှိတယ်၊ အဲဒိစာကိုပေးလိုက်ပါ။ အဲဒိစာက ဘာလဲဆိုရင် 'အိုနာကျိုးကန်း စီမံကိန်း' နဲ့ လွှတ်ပေးမယ်ဆိုတဲ့ဟာ ဒါကိုကျွန်တော်လက်မခံနိုင်ဘူး၊ နှစ် က ဘာလဲဆို လက်မှတ်ထိုးပြီးထွက်ရမယ်ဆိုတဲ့ ၄၀၁ ပေါ့ဗျာ၊ အဲဒါကို ကျွန်တော်လက်မခံနိုင်ဘူး။ ကျွန်တော်မထွက်နိုင်ဘူး။ ခင်ဗျားတို့ဆွဲထုတ်ချင်ရင်ဆွဲထုတ် ကျွန်တော်က ထောင်အဝတ်အစားကစပြီး မလဲနိုင်ဘူး။ အဲ ထောင်အဝတ်အစားမဝတ်ရဘူးဆိုပြီး ခင်ဗျားတို့အတင်းဆွဲချွတ်ရင် ဒီအတိုင်း ကိုယ်တုံးလုံးထွက်သွားမှာပဲ။ အဲဒါနဲ့ တခါ ပြန်သွားပြန်ရော။ အထက်ကိုတိုင်ပင်ပြီးတော့ပြန်လာ ပြီး ကောင်းပြီ ကျွန်တော်တို့ကတော့ မပြင်နိုင်တော့ဘူးတဲ့ အဲဒိတော့ ဒီနေ့ အန်ကယ်ကိုမထုတ်လို့ ကိုမရဘူး။ အန်ကယ်ကိုအပြင်ထုတ်ကိုထုတ်ရမယ်၊ အန်ကယ်ဆန္ဒပြချင်လဲပြ၊ ကန့်ကွက်တဲ့အနေနဲ့ လုပ်ချင်လဲလုပ်၊ ထောင်အကျီဝတ်ချင်လဲဝတ်ထား၊ ပစ္စည်းတွေမယူဘူး ဆိုလဲ ကျွန်တော်တို့ဟာ ကျွန်တော်တို့သိမ်းမယ်၊ ကျွန်တော်တို့ဟာကျွန်တော်တို့ဆွဲတင်ပြီး ကျွန်တော်တို့ဟာကျွန်တော်တို့ပို့မယ်၊ ဆိုပြီးတော့ အဲဒီအတိုင်းပြီးတော့ ကျွန်တော်လဲ ထောင်ထဲမှာနေလို့မှမရတော့ပဲကိုဗျ။ ဗူးဂရောက်တော့က ဧည့်ခန်းမှာ ၄၀၁ ကိုဖတ်ပြ တယ်။ အဲဒါ ကျွန်တော် လက်မှတ်မထိုးနိုင်ဘူး၊ ခင်ဗျားတို့ပြန်ပို့မယ်ဆိုရင်လဲပို့၊ ဒါပဲရှိတယ်။ အဲနောက်ပြီးတော့ ကျွန်တော်ကတော့ပြောမှာပဲ၊ အပြင်ကျရင်ပြောမှာပဲ။ ကျွန်တော်ကလဲပြောချင်နေတာ။ ကျွန်တော်ကိုမေးမဲ့သူတွေလဲရှိနေမှာပဲ။ အဲဒါနဲ့ နောက်ဆုံးပိတ် လဲကျရော ပြောချင်လဲပြောပါ၊ လုပ်ချင်တာလုပ်ပါတဲ့။ အခုလေးတင် အိမ်ရောက်တာပဲ။ အခုလေးတင်ရောက်တာ။ အိမ်နဲ့ထောင်ကလဲ ၅ မိနစ်လောက်ပဲကားမောင်းရတာ။ ၄ နာရီလောက်ကလွှတ်တာ။ အခုထိထောင်အဝတ်အစား ထောင်ထဲကဝတ်တဲ့အကျီအပြာ လုံချည်အပြာနဲ့ပဲနေတယ်။

*အနှစ် ၂၀ ထောင်ကျခဲ့ပြီး အခုလွှတ်လာတယ်၊ ဆရာ့ရင်ထဲဘာရှိသလဲ၊ ဘာလုပ်ချင်သလဲ ပြောပါဆရာ။*

ကွန်တော်ကနိုင်ငံရေးသမားပဲဗျ။ နိုင်ငံရေးဆက်လုပ်ရမှာပေါ့။ သို့သော် နိုင်ငံရေးဘယ်လိုဆက်လုပ်ရမလဲဆိုတာတော့ပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဟိုတုန်းက ၉၀ ခုနှစ်တုန်းက သူတို့တွေလည်ပင်းညှစ်ခိုင်းထားတဲ့အတွက် အဲန်အယ်လ်ဒီက ကျွန်တော်တို့ကို ထုတ်ထားတာလဲရှိခဲ့တယ်လေ။ဘယ်လိုဖြစ်တယ်တော့မသိဘူး။ ဒါပေမင့် အဲန်အယ်လ်ဒီရဲ့လက်ရှိအခြေအနေ ရပ်တည်ချက်ရော ဘာရော ညာရော ကျွန်တော်သဘောကျတယ်။ အဲဒါကြောင့် ကျွန်တော် အဲန်အယ်လ်ဒီနဲ့ပဲလုပ်မှာပဲ။ သို့သော် အဲန်အယ်လ်ဒီနဲ့ လုပ်လို့ရလားမရလား ကျွန်တော်မသိဘူး။ နောက်တခုက ကျွန်တော်ဒီလောက်အသက်ကြီးနေတဲ့အခါမှာ ရှင်းရှင်းပြောရရင် ကျွန်တော် လုပ်နိုင်တဲ့ ဗမာပြည်နိုင်ငံရေးမှာကျွန်တော် ပါဂင်ဆောင်ရွက်ဖို့ပဲ။

*အဲန်အယ်လ်ဒီနဲ့ဆက်လုပ်ဆိုတဲ့ သဘောပြောတာက ဒီအကြမ်းမဖက်တဲ့နည်းနဲ့ ဆက်လက်ပြီးဆောင်ရွက်မယ်ပေါ့။*

အဲဒီလိုမေးခွန်းမျိုးကျတော့ ဖြေရတာတော့ နည်းနည်းခက်တယ်ဗျာ။ အခြေခံအားဖြင့်ကတော့ အဲန်အယ်လ်ဒီဟာ ဒီမိုကရေစီအခြေခံနဲ့ လုပ်ပြီးတော့ တရားဂင်ရပ်တည်ပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် သူတို့လုပ်မှာကတော့ နိုင်ငံရေးနည်းနဲ့လုပ်မှာပဲ။ သို့သော် အဲဒီအထဲက နိုင်ငံရေးကိုလုပ်တဲ့ဟာက အကြမ်းဖက်မှုကို အားပေးတယ် အားမပေးတယ်ဆိုတဲ့စွပ်စွဲချက်တွေ အမျိုးမျိုးဖြစ်နိုင်တာပဲ။ ကျွန်တော်ပြော ချင်တာက ကျွန်တော်နိုင်ငံရေးပဲဆက်လုပ်မယ်။ ကျရာနေရာကလုပ်မယ်။ ပေးရာတာဂန်နဲ့လုပ်မယ်။ နောက်တခုက ကျွန်တော်တို့ကြွေး ကြော်သံရှိတဲ့အတိုင်း 'စု-လွှတ်-တွေ့'ဆိုတာ ကြွေးကြော်သံရှိပါတယ်။ 'စု' ဆိုတာက ဒေါ်စုနဲ့တကွ နိုင်ငံရေးသမားများအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးရေး၊ 'လွှတ်'ဆိုတာက လွှတ်တော်ခေါ်ယူရေး၊ 'တွေ့'ဆိုတာက တွေ့ဆုံဆွေးနွေးပွဲ လုပ်ဖို့။ အဲဒီတော့ တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်ပြီးတော့ လူတွေကတော့အမျိုးမျိုးပြောနေကြတယ်။ တွေ့ဆုံဆွေးနွေးသည်ပင်လျှင် အဓိပ္ပါယ်မရှိသလို အဓိပ္ပါယ်ရှိသလို။ ဒါတွေကိုတော့ကျွန်တော်တို့မသိဘူး။ တွေ့စရာတွေလိုကိုလိုနေသေးတယ်၊ ပြောစရာတွေ ရှိကိုရှိနေသေးတယ်။ တောင်းဆိုစရာတွေ ပြင်စရာတွေ ညှိနှိုင်းစရာတွေ အများကြီးရှိနေတယ်လို့ပဲ ကျွန်တော်ယူဆတယ်။
ဒါတွေအကုန်လုံးဟာ ဒေါ်စုလုပ်သွားလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။ နောက်တခုက 'ရံ' ၃ 'ရံ' ဆိုတာရှိပါတယ်။။ အဲန်အယ်လ်ဒီကို

ဂန်းရုံကြ။ ဘာဖြစ်လို့လဲဆိုတော့ အဲန်အယ်လ်ဒီဟာ ဒီနေ့ တရားဝင်အဖွဲ့အစည်းအနေနဲ့ရပ်တည်နေတာ အဲန်အယ်လ်ဒီပဲ ရှိတော့တယ်။ အဲန်အယ်လ်ဒီ ဒီနေ့လုပ်တဲ့ ရပ်တည်ချက်တွေဟာ မှန်တယ် ကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။ နောက်တခုက 'လွှတ်တော်ကိုဂန်းရုံကြ'ဆိုတာရှိတယ်။ လွှတ်တော်နဲ့ပတ်သက်ပြီး သူတို့ ဘာတွေပဲပြောပြော၊ mandateကိစ္စတွေ ဘာတွေ ပြောချင်တာတွေပြော၊ လွှတ်တော်ဟာ ပြည်သူရဲ့ထောက်ခံမှုနဲ့ သို့မဟုတ် ပြည်သူရဲ့ရွေးချယ်လိုက်တဲ့အနေနဲ့ လွှတ်တော်ဟာ အရှိတရားကဖြစ်နေတယ် ရှိနေတယ်။ ဒါကြောင့် ကျွန်တော်တို့က လွှတ်တော်ကိုဂန်းရုံကြရမှာပဲ။ နောက်တခုက 'ဒေါ်စုကို ဂန်းရုံကြ' ရမှပဲ။ ဒေါ်စုရဲ့ခေါင်းဆောင်မှုဟာ ဒီနေ့ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေါ်စုခေါင်းဆောင်မှုကို ဂန်းရုံရမှာပဲ။

*ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး ဆရာ အခုပြောသွားပါတယ်။ ဟိုတလောက ဒေါ်အောင်ဆန်းစုကြည်က မစ္စတာဂမ်ဘာရီကိုမတွေ့လိုက်တဲ့ကိစ္စတွေလဲ ဆရာကြားပြီးကောင်းကြားမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ရှိရပ်တည်ချက်တွေကို ဆရာ ဘယ်လိုမြင်ပါသလဲခင်ဗျာ*

ဒေါ်စုဟာ ဒီနေ့အထိ ရပ်တည်ချက်ဟာ မှန်တယ်လို့ပဲ ကျွန်တော်ယူဆတယ်ခင်ဗျ။ မတွေ့တာနဲ့ပတ်သက်လို့ အတိအကျတော့ ကျွန်တော်မသိဘူး။ သို့သော် ဒေါ်စုမတွေ့ခြင်းသည် ကျေနပ်စရာမရှိတဲ့အခြေအနေပေါ် မူတည်ပြီးမတွေ့တာလို့ပဲ ကျွန်တော်ယူဆတယ်။ ဒီကျေနပ်စရာမရှိခြင်းဟာ ဂမ်ဘာရီနဲ့ပတ်သက်တာ ဖြစ်ချင်ဖြစ်မယ်၊ ဒီ အစိုးရရဲ့လုပ်ပုံကိုင်ပုံတွေပတ်သက်နဲ့ပြီး မကျေနပ်တာ ဖြစ်ချင်ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ အစိုးရကလဲ ဂါဒသာဖြန့်နေတာ၊ ဆိုပါတော့ဗျာ ဥပမာ ဂမ်ဘာရီနဲ့ ဒေါ်စုမတွေ့တာနဲ့ပတ်သက်ပြီးတော့ ဒေါ်စုအပေါ်ပဲ expose လုပ်ပြီး ဒေါ်စုကမတွေ့တာပဲ တရားလွန်ဖြစ်အောင်ဆိုပြီးတော့ ချဲ့ပြနေတာ။ ကဲ ကောင်းပြီ အဲဒီလိုဆို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ မတွေ့တာကို သူတို့လုပ်သလား။ ဒေါ်အောင်ဆန်းစုကြည်ကိုမတွေ့ရတယ်ဆိုပြီးတော့၊ ဂမ်ဘာရီလို တရားဝင်ပုဂ္ဂိုလ်ကိုတောင်မတွေ့ပါဘူးပြောနေတာ ဂမ်ဘာရီရဲ့တပည့် ၂ ယောက်လွှတ်တာကိုဒေါ်စုလက်ခံတွေ့ပဲ့မလား။ ဒေါ်စုလုပ်တာ မှန်တာပေါ့။ ဘယ်တွေ့နိုင်မလဲ။ ဘာဖြစ်လို့ အိမ်ရှေ့ကသွားအော်သလဲ။ သူတို့ ဂမ်ဘာရီ့တပည့် ၂ ယောက်ကို နေပြည်တော်လွှတ်ပြီးတော့ ဦးသန်းရွှေ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအိမ်ရှေ့ကနေသွားပြီးတော့ ဦးဝင်းနိုင်ထွန်း အဲဒီလူ အော်ပါလား၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေခင်ဗျား ဒီမှာ ဂမ်ဘာရီကတွေ့ချင်ပါတယ်လို့ဆိုပြီးတော့ အော်မလား။ ဂါဒဖြန့်တဲ့ဟာတွေလုပ်နေတယ်။ ဒီလို မတော်မတရားလုပ်တဲ့ဟာတွေများအားကြီးတဲ့အခါကျ အဲဒါတွေဟာ ကျွန်တော်တို့မှာဒုက္ခပေးနေတာတွေ ဒါတွေပဲခင်ဗျ။

*စစ်အစိုးရအတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံဥပဒေနဲ့ပတ်သက်ပြီး ဆရာ ဘယ်လိုမြင်ပါသလဲခင်ဗျာ။*

ကျွန်တော် လက်မခံဘူးခင်ဗျ။ လက်မခံဘူးဆိုတာ ကျွန်တော်က 'ဘိန်း'ပြောနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီ အခြေခံဥပဒေရေးဆွဲရေးနဲ့ပတ်သက်လို့ အဲန်အယ်လ်ဒီမှာ နကိုကတည်းကိုက ၁၉၈၉ ခုဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ပင်လုံမှာ ဒေါ်စု စာတမ်းတခုဖတ်တယ်။ ဒီစာတမ်းဟာ ကိုမိုးသူဖတ်တာ။ ဒေါ်စုကနေပြီးတော့ခေါင်းဆောင်သွားတဲ့အဖွဲ့၊ ၁၉ နှစ်ရှိပြီ။ ပင်လုံကျောက်တိုင်ရှေ့မှာ။ အဲဒီတော့ ဒါက အဲန်အယ်လ်ဒီရဲ့ဆုံးဖြတ်ချက်ခင်ဗျ။ အဲဒီစာတမ်းထဲမှာ အဓိကအချက်ကဘာလဲဆိုတော့ constitution ရေးဆွဲမယ်၊ အမျိုးသားညီလာခံတခု ခေါ်မယ်၊ လွှတ်တော်ရဲ့ကမကထပြုချက်နဲ့။ အဲဒီတော့လွှတ်တော်မှာ ကျွန်တော်တို့နိုင်မယ် မနိုင်မယ် ကျွန်တော်တို့ မသိသေးဘူး။ အဲဒီအချိန်မှာ ရွေးကောက်ပွဲ ကျင်းပရေး မကျင်းပရေးတောင် မသေချာသေးဘူး။ ဒါပေမင့် ရွေးကောက်ပွဲကျင်းပရင် နိုင်တဲ့အဖွဲ့အစည်းကလွှတ်တော်လာရောက်မယ်၊ လွှတ်တော်က ကမကထပြုပြီးတော့ အမျိုးသားညီလာခံတခုခေါ်မယ်။ အဲဒီအမျိုးသားညီလာခံကနေ constitution တခုရေးဆွဲမယ်ဆိုတာ ကျွန်တော်တို့အထဲမှာပါတယ်။ အဲဒါပြန်ကြည့်ရင် တွေ့ပါတယ်ဗျာ။ လူတွေကမေ့နေတာ။ ဒါတွေကိုဖုံးထားတယ်။ အဲဒီဟာတွေကိုအကုန်လုံးကို အဲန်အယ်လ်ဒီကလူတွေကလဲ မပြောကြဘူးလား ဘာလားမသိဘူး။ ဒါရှိနေတာပဲ။ အဲဒီတော့ ကျွန်တော်တို့က ဒီလိုလုပ်လာတဲ့အဖွဲ့၊ နောက်တခါ ကျွန်တော်တို့မှာ စေတနာကောင်းရှိနေဆိုတာ ဥပမာဆိုပါတော့ ကျွန်တော်တို့သဘောမကျဘူးဗျာ၊ ဥပမာ ဦးအောင်ရွှေတို့ NC ကိုတက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့စိတ်ထဲမှာဘာဝင်မကျဘူးဗျာ။ သို့သော်ကျွန်တော်တို့ ဦးအောင်ရွှေတို့ လုံးဝမှားတယ်လို့ ကျွန်တော် မပြောဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအခြေအနေမှာ ဦးအောင်ရွှေတို့အနေနဲ့က သူတို့မှာ စိတ်ကောင်းစေတနာကောင်းနဲ့များ အစိုးရကလုပ်သလားဆိုတဲ့ အနေနဲ့တက်တာ။ နောက်ပြီးတော့ ဟိုမှာ ပြောစရာရှိတာတွေပြောလို့ရမလားဆိုတဲ့အနေနဲ့သွားတက်တာ။ မရဘူးဗျာ၊ ဘာမှလုပ်လို့မရဘူးဗျာ. အပိတ်အဆို့တွေပဲလုပ်တယ်။ သူတို့ချပေးတာတွေပဲပြောနေရတယ်။ ဦးအောင်ရွှေတို့ နောက်ဆုံးပိတ်ကျတော့ အပြင်ထွက်လာခဲ့ရတာပေါ့။ အဲဒီတော့ ဒီအမျိုးသားညီလာခံဆိုတဲ့ဟာကလဲရှင်းရှင်းပြောတာ သူတို့ဟာသူတို့ဖန်တီးကြတာ။ ဒါပေမင့် ဘာပဲပြောပြော ဒီအမျိုးသားညီလာခံဆိုတဲ့concept ကိုကျွန်တော်တို့ မပစ်ပယ်ပါဘူး။ အဲန်အယ်လ်ဒီကနေပြီးတော့ ဆုံးဖြတ်ထားတဲ့အယူအဆတခုပဲ။ နောက် အမျိုးသားညီလာခံကနေပြီး constitution တခုရေးဆွဲမယ်ဆိုတဲ့အယူအဆကိုလဲ ကျွနန်တော်တို့ မဆန့်ကျင်ဘူး၊ ဘာမှမကန့်ကွက်ဘူး။ ဒါ ကျွန်တော်တို့တင်ထားတဲ့ဟာပဲ။ တခုပဲရှိတာက ဒီ

ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်

အမျိုးသားညီလာခံက ဒီconstitution ကိုဘယ်သူတွေကလုပ်သလဲ၊ ဘယ်သူတွေကချပေးသလဲ၊ ဘယ်လိုလုပ်သလဲဆိုတာကို အဲဒါကို တော့ သေချာစိစစ်ဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။

*ကျန်းမာရေးလေးပြောပါဦးဆရာ*

ကျန်းမာရေးက ကျွန်တော်နလုံးရောဂါရှိတယ်ဗျာ။ ဒီလောက်ကြီးလဲ မဆိုးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ထောင်ထဲလဲ ငြိမ်ငြိမ် ပဲနေနေတဲ့အခါကျတော့ သိပ်ပြီးတော့မဆိုးလှပါဘူး. နောက် ကျွန်တော် ဆီးကျိတ် ရှိတယ်ခင်ဗျ။ နောက်တခုက ကျွန်တော် အသက်ရှူ လမ်းကြောင်းက  မကြာခဏ ချွဲတွေဘာတွေ ပိတ်ပြီးတော့ အသက်ရှူလို့မရတာ ဘာညာတော့ဖြစ်တတ်တယ်။ အထွေထွေအခြေအနေက တော့ကောင်းပါတယ်။ တတ်နိုင်သမျှ ဆင်ခြင်ဆင်ခြင်နဲ့နေပါတယ်။

*ဆရာ မြန်မာပြည်သူတွေ ဒီမိုကရေစီရမှာပဲလားခင်ဗျ*

ရရမှာပေါ့ဗျာ၊ ရရမှာပေါ့ဗျာ။ ရကိုရမယ်။ ဘာဖြစ်လို့ရရမှာလဲဆိုတော့ လူထုကလိုချင်နေတယ်ဗျာ။ တားဆီးနေတာက ဒီစစ်အစိုးရက ရော့ ရော့ ဒါ ဒီမိုကရေစီဆိုပြီးတော့ လက်ချိုး ခြေချိုး ခေါင်းချိုး ဇက်ချိုး ဒီမိုကရေစီအတုတွေ ဒီမိုကရေစီအတို့အချဉ်တွေ ဒါတွေကိုပေး နေလို့သာ။ ဒါကို လူထုကိုက ဆန္ဒအလွန်ပြင်းပြစွာရှိတဲ့အတွက် ဘာပဲပြောနေနေ ဒီမိုကရေစီက ရကိုရတော့မယ်။
နောက်ဆုံးပြောတော့မယ်ဗျာ။ ထောင်ထဲမှာ လူတွေအများကြီးသေကြကျေကြတယ်ဗျာ။ ကျန်ခဲ့တယ်ဗျ။ ဆရာဦးသောကတို့ ဆရာ ကိုတင်မောင်ဝင်းတို့ ဒီလူတွေကို ကျွန်တော်ဦးညွှတ်ပါတယ်။ ဒီလူတွေကိုသတိရပါတယ်၊ ဒီလိုအချိန်မှာ ဒီလူတွေရဲ့ဂုဏ်ကျေးဇူးတွေ ဒီလူတွေရဲ့ ဆုံးရှုံးမှုတွေ စွန့်စားမှုတွေ ကျွန်တော်လိုပဲ ကျန်တဲ့ ပုဂ္ဂိုလ်များကလဲ သတိရကြပါ။ ဘယ်ဘက်ကပဲဖြစ်ဖြစ် ဒီမိုကရေစီအရေး နဲ့ပတ်သက်လာရင် ကျွန်တော်လုပ်လက်စအလုပ်ကလေးတွေ ဆက်ပြီးလုပ်ချင်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက်ကိုလဲ ကျွန်တော်ကိုဝိုင်းပြီး ကူကြပါ။ ကျွန်တော်ကို ဝိုင်းဆုံးမကြပါ။  ကျွန်တော်ကိုပွဲပြင်ကြပါ။ ကျွန်တော်ကို လမ်း ညွှန်ကြပါ။ ကျွန်တော်ကိုဝေဘန်ကြပါ။ ဒါ ကျွန်တော်ပြောချင်ပါတယ်။ ဒါပါပဲဗျာ။

**(အာရ်အက်ဖ်အေ ဦးခင်မောင်စိုးမှ ဆက်သွယ်မေးမြန်းခန်း)**

*******************************************************

VDO links for first images of U Win Tin after release –

http://dvb.cachefly.net/Released%20U%20Win%20Tin.wmv

http://jp.youtube.com/watch?v=qQKcVQ-qHhs

http://jp.youtube.com/watch?v=5gLvkJl3LDQ&NR=1

http://jp.youtube.com/watch?v=wUpmQBIjJo0&feature=related

BURMA STAR GROUP

# ဦးဝင်းတင်နှင့် ဆက်သွယ်မေးမြန်းချက်



*ဆရာ ထောင်ကလွတ်လာတဲ့ အနေအထားလေး သိချင်တယ် ဆရာ။ တချို့ ထောင်က လွတ်လာတဲ့အခါမှာကန့်သတ်ချက်တွေ ပေးတယ်။ ဆရာတို့ကိုရော ဘယ်လိုကန့်သတ်ချက်တွေနဲ့ ပေး လိုက်သလဲ။ ဒါမှမဟုတ် လွတ်လွတ်လပ်လပ်ပဲ လွှတ်လိုက်တာ လားဆရာ။*

မဟုတ်ဘူးဗျ။ ဒီလိုရှိတယ်။ ကန့်သတ်ချက်ဆိုတာ ဒီလွှတ်ပုံလွှတ်နည်းတခုလုံးကိုက ကန့်သတ်ချက်ပဲဗျ။ နိုင်ငံသမားအတွက်ဆိုရင်တော့ ပိုပြီးတော့ ကန့်သတ်ချက်ပေါ့ဗျာ။ ကျန်တဲ့လူတွေတောင်မှ သူက ကန့်သတ်ချက်နဲ့ လွှတ်တာပေါ့။ ကျနော်ကတော့ တခုရှိတယ်၊ ဘယ်သူနဲ့မှလဲတွေ့ရတာမဟုတ်ဘူး။ ဘယ်သူနဲ့မှလည်း စကားပြောရတာမဟုတ်တဲ့အတွက် ဘာတွေလဲဆိုတာ မသိဘူး။ ဒါပေမယ့် ကျနော့်တယောက်အနေနဲ့ ပြောရရင်တော့ ကျနော် အခုလွှတ်တဲ့ဟာကို လက်မခံဘူး။ ကျနော် ကန့်ကွက်ဆန္ဒပြပြီးတော့ ထွက်လာတာ။ အဲဒါကြောင့် ကျနော်က အခု အပြင်မှာ ရောက်တာတောင်မှ ကျနော် ထောင်ထဲကအဝတ်အစားပဲ ဝတ်လာတယ်။ ကျနော်ကပြောတယ် 'ခင်ဗျားတို့ ကျုပ်ကို ဆွဲထုတ် မှပဲ ကျုပ်ထောင်က ထွက်သွားမယ်။' ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ ဒီလွှတ်ပုံလွှတ်နည်းနဲ့ လက်မခံဘူး။ ဒါ ကောင်းတဲ့ လက္ခဏာလည်း မဟုတ်ဘူး။ ဘာမှလဲ အကောင်းဖြစ်စရာ မရှိဘူး။ ဟုတ်ကဲ့ဆရာ။

*အဲဒီ လွှတ်ပုံလွှတ်နည်းလေးကို ကျနော်တို့ကို နည်းနည်းရှင်းပြပေးပါဆရာ။*

လွှတ်ပုံလွှတ်နည်းက ဒီလိုဗျာ။ မနက်တုန်းက ၆ နာရီခွဲလောက်မှာ ကျနော့်ကို လာပြောတယ်။ 'ခင် ဗျားကို လွှတ်ပေးမယ်၊ ပစ္စည်းတွေသိမ်းပါ' တဲ့။ အဲဒီတော့ ကျနော်က ပြောတယ်။ ကျနော်က နဂိုကတည်းက မှန်းပြီးသား။ မှန်းပြီးသားဆိုတာ ကျနော်က အခုလို ဖိုးအိုဝမ်း (Four O One) (၄၀၁)နဲ့ လွှတ်မယ်လို့ တော့ ကျနော် မထင်ဘူးပေါ့ဗျာ။ 'ဖိုးအိုဝမ်း' ဆိုတာ ကျနော် လွန်ခဲ့တဲ့နှစ်လပိုင်းတုန်းက ကျနော် ဆေးရုံတက်နေတုန်း ကျနော့်ကိုလာပြီးတော့ လက်မှတ်ထိုးခိုင်းတယ်ဗျာ။ 'ဖိုးအိုဝမ်း' နဲ့။ ကျနော် အဲဒီတုန်းက ငြင်းခဲ့တယ်။ 'လွှတ်စရာမလိုဘူး။ ကျုပ် လက်မှတ်လဲ မထိုးဘူး။ ဘယ်တော့မှလည်း မထိုးဘူး။ တသက်လုံးမထိုးဘူး' လို့။ ဒါ ဟိုတုန်းကဖြစ်ခဲ့တာ။ အခု ဒီနေ့လည်း 'ဖိုးအိုဝမ်း' တော့ မလာတော့ဘူး။ လာမယ့်လာရင် မစ္စတာဂမ်ဘာရီနဲ့ သူ တို့ပြောတဲ့အထဲမှာ ပါတဲ့ 'အသက်ကြီးတဲ့လူတွေ၊ ကျန်းမာရေးချို့တဲ့တဲ့လူ၊ အသက်ကြီးတဲ့လူ လွှတ် မယ်လို့ – ကျနော်က ဒါကို အိုနာကျိုးကန်းစီမံချက် ဆိုပြီးတော့ ကျနော်က သုံးတယ်ဗျာ။ အဲဒီတော့ ကျနော် 'အိုနာကျိုးကန်း စီမံချက်' ထဲ ကျနော်မပါနိုင်ဘူးဗျာ။ ကျနော့်ဟာကျနော် လျှို့ဝှက်တဲ့ ရထားတဲ့ ဘောပင်နဲ့ဘာနဲ့ စာရေးတာပေ့ါဗျာ။ ကျနော်က ရေးတယ်။ ရေးပြီးတော့ အဲဒီထဲမှာ ဘာပါလဲဆိုတော့ တစ်က ကျနော်တို့က ကျနော်တို့ရဲ့ တောင်းဆို ချက်က 'စု လွှတ်၊ တွေ့' ပဲ။ 'ဒေါ်စုနဲ့တကွ နိုင်ငံရေးအကျဉ်းသားကို လွှတ်ရေး၊ လွှတ်တော်ခေါ်ယူရေး၊ နောက်တခုက တွေ့ဆုံဆွေးနွေးရေး လုပ်ရေး။ ဒီဟာက သုံးခု။ နောက်တခါ အဲဒီထဲမှာလဲ နိုင်ငံရေး အကျဉ်းသားများလွှတ်ရေးနဲ့ ပတ်သက်လို့က ကျနော် က နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကို လွှတ်ပါ။ ခြွင်းချက်မရှိ လွှတ်ပါ။ နောက်တခုက နိုင်ငံရေး အကျဉ်းသားတွေကို ၁၀(က) တပ်တာကို ကျနော်လက်မခံဘူး။ နောက်တခုက အနိမ့်ဆုံးအားဖြင့် ကျနော့်လိုပေါ့ဗျာ။ ရိုးရိုးအကျဉ်းသားလိုပဲ ထား။ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ ဆိုရင်လည်း ကျနော့်လို နှစ်ပြည့်နေတဲ့လူနဲ့ပတ်သက်ပြီးတော့ ချက်ချင်းလွှတ်ပါဆိုတဲ့ဟာ။ ဒါက ကျနော့်ရဲ့ သဘော

ထားပဲ။ နောက်၊ ကျနော်ရဲ့ သူတို့ကို ပြန်ပြီးတော့ အကြောင်းပြန်ချက်ကတော့ ကျနော်ဟာ 'အိုနာ ကျိုးကန်းစီမံကိန်း' ထဲမှာ မပါနိုင်ဘူး။ ကျနော်က ကျန်းမာရေးလည်း ကောင်းတုန်းပဲရှိတယ်။ ကောင်းရုံ တင် မဟုတ်ဘူး။ ကျနော့်ကိုယ်ကျနော် ကောင်းတယ်လို့ပဲ ထင်တယ်။ ကျနော် ဆက်ပြီး လုပ်စရာရှိတာတွေ လုပ်မယ်။ နောက်တခုက ... ကျနော်ဟာ အခု 'ဖိုးအိုဝမ်း' နဲ့ပတ်သက်လို့ လက်မှတ်မထိုးဘူးဆိုတာ ကျနော် ၉၀ ခုနှစ်ကတည်းက စပြီးတော့ငြင်းခဲ့တယ်။ ၉၅ မှာ တခါ ကျနော် ငြင်းခဲ့တယ်။ ၉၈ မှာ လည်း ကျနော် ငြင်းထားတဲ့ဟာရှိတယ်။ ကျနော် လက်မခံနိုင်ဘူး။ ဒါ ကျနော်ပြောခဲ့တယ်။ အဲဒါနဲ့ ပတ်သက်လို့ နောက်ဆုံးပတ်ကျတော့ သူတိုက 'မထွက်လို့မရဘူး၊ ထွက်ရမယ်' ဆို တော့ ကျနော်က ပြောတယ်။ 'မထွက်လို့မရဘူး။ ထွက်မယ်ဆိုရင်...'' ဒါ၊ အဆင့်ဆင့်နော်။ လူကြီးတွေ လာတာ ထားပါတော့။ ရှည်နေမယ်။ ညွှန်မှူးတွေလာတယ်။ ဒု–ချုပ်တွေလာတယ်။ ညွှန်ချုပ်တွေလာ တယ်။ လာပြီးတော့ ပြောကြတယ်။ ကျနော့်ဘက်က မထွက်နိုင်ဘူး။ မထွက်နိုင်တဲ့အတွက် 'ခင်ဗျား လုပ်ချင်တယ်ဆိုလို့ရှိရင် ကျုပ်ကို ဆွဲထုတ်မှပဲ ရမယ်' ဆို တော့ သူက ဆွဲတော့ထုတ်လို့ မရဘူး။ 'ကျနော်တို့ မထုတ်ပါဘူးတဲ့။ ဒါပေမယ့်လို့ အယ်ကယ် ဒီမှာ နေမယ်ဆိုလို့ရှိရင်တော့ ကျနော်တို့တွေ ထောင်ထဲရောက်တော့မယ်။ ကျနော်တို့ကလည်း တားလို့ မရဘူး။ အမိန့်က ထွက်ပဲ။' အဲဒီတော့ ကျနော်က ပြောတယ်။ 'ဒီနေ့ ထွက်တဲ့သတင်းထဲမှာ ပါတဲ့ ၉,၀၀၂ ယောက်ထဲမှာ ကျနော့်နာမည်ပါတာ ကျနော် လက်မခံနိုင်ဘူး။ ကျနော်ကတော့ မထွက်နိုင်ဘူး။ ကျနော်က ဒီတိုင်းပဲ နေမယ်။ အဲဒီတော့ ခင်ဗျားတို့ကနေပြီးတော့ ကျနော့်ကို အတင်းနှင်မယ်ဆိုရင် ကျနော် ထောင်ကအ၀တ်အစားနဲ့ပဲ ထွက်မယ်။ ထောင်ကလုံချည်၊ ထောင်ကအင်္ကျီနဲ့ပဲ ကျနော်ထွက်မယ်။ ကျန်တဲ့ ကျုပ် ပစ္စည်းလည်း ကျနော်လှည့်မကြည့်ဘူး။ ကျနော် ဘာပစ္စည်းဘာညာဆိုတာလည်း မသိဘူး။ ခင်ဗျားတို့ ထည့်ချင်တာထည့် မထည့်ချင်တာလည်း မီးရှို့ပစ်ပစ်၊ ဘာလုပ်လုပ်' ဆိုတဲ့အခါကျတော့ ... အဲဒါနဲ့ စကားများနေလိုက်တာ မနက် ၆ နာရီခွဲကဟာ အခု ညနေ ၄ နာရီထိုးမှ ပြီးတယ်။'' ၄ နာရီထိုးကျတော့ သူတို့က ဘယ်လိုသဘောတူသွားလဲဆရာ။ ''သူတို့က ဘယ်လို သဘောတူလဲဆိုတာ သူတို့က မလွှတ်လို့မရဘူး။ ရှင်းရှင်းပြောရရင် ထောင်က ဆွဲ ထုတ်တယ်ပေါ့ဗျာ။''

*အခု သတင်းစာထဲမှာတော့ မေတ္တာစေတနာ တွေနဲ့ လွှတ်လိုက်တယ်။ ဒီ **good moral behaviour** ဆိုပြီးတော့ သုံးကြတာပေါ့ ဆရာရယ်။ အကျင့်စာရိတ္တကောင်းမွန်တယ်၊ ရိုးသားလို့၊ အလုပ်ကြိုးစားလို့ လွှတ်လိုက်တယ်ဆိုတော့ အဲဒီလွှတ်လိုက်တဲ့ဟာကို ဆရာက သဘောမတူဘူးပေါ့နော် – အဲလိုထုတ် ပြန်ချက်ကို။*

''သဘောမတူဘူး။ ဘာလို့လဲဆိုတော့ ကျနော်က ကျနော့်ကိုယ်ကျနော် အမွှမ်းတင်ပြောတာ မဟုတ် ပါဘူး။ ခင်ဗျား ... ဥပမာဆိုပါတော့၊ စေတနာကောင်းရှိတယ်၊ စိတ်ကောင်းသဘောကောင်းရှိတယ်၊ စည်းကမ်းရှိတယ် ဘာညာဆိုတာကတော့ ကျနော် ဟုတ်တယ်ဗျာ။ အဲဒါက သူတို့ပြောမှလည်းမဟုတ်ဘူး ကျနော်က ဟုတ်တာပဲ။ သို့သော် သူတို့ လွှတ်ပုံလွှတ်နည်း ကျနော်လက်မခံနိုင်ဘူး။ ကျနော့်ရဲ့ တောင်းဆိုချက်ကိုက နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိ လွှတ်ရေး၊ 'စု–လွှတ်-တွေ့' ဆိုတာ ခင်ဗျားတို့ ကြားဖူးမှာပဲ။ ဒေါ်စုနဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ် ရေးပဲ။ ဒါပဲ။ ဒါမှတပါး ကျနော်တို့ လက်မခံနိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒါတွေက မတရာဖမ်းထားတဲ့ဟာတွေ အများကြီးရှိတယ်။ ထောင်ထဲမှာ အခုထက်ထိ ရှိသေးတယ်။ အခုပဲ ဇာဂနာတို့ဘာတို့ အထဲမှာရောက်နေပြန်ပြီဗျာ။ ကျန်တဲ့ မင်းကိုနိုင် တို့ ဘာတို့ ရုံးတင်နေပြီဗျာ။ အများကြီးဗျာ။ မင်းကိုနိုင်တို့ဘာတို့ဆိုရင် လက်ထိပ်ခတ်မခံဘူးတို့ ဘာ တို့တောင်မှ ဖြစ်နေပြီ။ အလားတူပဲ နိုင်ငံရေး လူသိမများတဲ့လူတွေပဲ၊ နိုင်ငံရေးလုပ်နေတဲ့ လူငယ်တွေဘာတွေ အများကြီး ထောင်ထဲမှာရောက်နေတယ်ဗျ။ အဲဒီလိုအချိန်မျိုးမှာ နိုင်ငံရေးအကျဉ်းသားများ လွှတ်ရေးကို စနစ် တကျ စဉ်းစားတာ မဟုတ်ဘဲနဲ့ ဒီလို ရောရောင်ပေါရောင်နဲ့ ဟိုလူဒီလူနဲ့ ရောကြိတ်ပြီးတော့ ဒီလို နိုင်ငံရေးအကျဉ်းသားဆိုတဲ့ လက်မှတ်ထိုးတဲ့လူတို့ဘာတို့ သုံးလေးယောက်နဲ့ ကျန်တဲ့လူ ၁၀၀ နဲ့ ဒီလို လုပ်တာမျိုး ကျနော် လက်မခံနိုင်ဘူး။ ဒါပဲဗျ။''

*အခုတော့ ဆရာကို ထောင်ကနေပြီးတော့ နှင်လွှတ်လိုက်တဲ့သဘောပေါ့နော် ဆရာ။ ''ဆွဲထုတ်တဲ့သဘောပဲ။'' နှင်ထုတ်လိုက်တယ်ဆိုတော့ ဆရာက ကိုယ့်ကိုယ်ကို ထောင်ထဲမှာပဲ ကျနေဆဲလို့ပဲ ခံယူမလားဆရာ။*

''ဟုတ်တယ်။ ဒီလိုပဲ ခံယူတယ်။ သူတို့ကိုလည်း ပြောပြီးပြီ။ ဘာလို့လဲဆိုတော့ ခင်ဗျားတို့ ကျနော့်ကို ထောင်ကအ

ဝတ်အစားနဲ့ ပတ်သက်ပြီးတော့ ထောင်အဝတ်အစားတွေ ပါလာတဲ့အတွက် အရေးယူ မယ်ဆိုရင် ပြန်ဖမ်းဖို့ လွယ်လွယ်လေးရယ်။ ကျနော်အိမ်က အခု ကျနော်နေမယ့်အိမ်က ထောင်ရဲ့ တလမ်းကျော်ပဲရှိတယ်။ ထောင်ဂိတ်နဲ့က တလမ်းကျော်ပဲ။ လမ်းမကြီးတခုကို ကျော်လိုက်တာနဲ့တပြိုင် နက် ရောက်လာတာပဲ။ နောက်တခုက ကျနော် နေတာ စားတာနဲ့ပတ်သက်လို့ ကျနော်က ခင်ဗျားမေးခွန်းနဲ့ပဲ ဆက်ပြီး တော့ ပြောရမယ်ဆိုရင် ကျနော်ကတော့ ဗမာပြည်ကြီး ဟာ ဒီနေ့ တပြည်လုံးထောင်ကျနေတယ်လို့ ကျနော်က ယူဆတယ်။ ဒါ အခုမှ သုံးတဲစကားမဟုတ်ဘူး။ ဟိုး လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကတည်းက ဒီလိုပြောလာ ကြတာ။ တိုင်းပြည်မှာ လူတွေ ထောင်ကျနေတယ်။
လွတ်လပ်စွာပြောခွင့်မရဘူး။ လွတ်လပ်စွာ ဆိုခွင့် မရဘူး။ လွတ်လပ်စွာရေးသားခွင့် မရဘူး။ အခု ဒီမှာ ခင်ဗျားနဲ့ ကျနော်နဲ့ ပြောနေတဲ့ ဘာညာဆိုတာတွေက ရှင်းရှင်းပြောရရင် အစိုးရကနေပြီးတော့ လွတ်လပ်ခွင့်ပေးထားလို့ကျနော်တို့ ပြောနေရတာ မဟုတ်ဘူး။ တက်ကနော်လော်ဂျီပြောင်းလာတဲ့၊ အခု ခင်ဗျားတို့ခေတ်မှာ မိုဘိုင်းဖုန်းဘာညာဆိုတာတွေ၊ ဒီပေါ်မှာတည်ပြီးတော့ ကျနော်တို့ ပြောလို့ရနေကြတာ။ အဲဒီတော့ တိုင်းပြည်က ဘာလွတ်လပ်စရာရှိလဲ။ ခင်ဗျား စာရေးလို့ရမလား။ ခင်ဗျား လွတ်လပ်စွာ ဘာပြောလို့ရမလဲ။ ဘာမှလုပ်လို့မရဘူး။ အဲဒီတော့ တပြည်လုံး ထောင်ကျနေတာ။ ဒီလို ထောင်ကျနေတော့ ကျနော်က ထောင်ထဲမှာနေတုန်းကလဲ ထောင်ထဲမှာနေသလို နေတာပဲ။ အခုလဲ ကျနော်အပြင်မှာနေတဲ့အခါ ထောင်ထဲမှာနေသလိုပဲ ကျနော်နေမှာပဲ။ သို့သော် တခုတော့ရှိတယ်။ ထောင်ထဲမှာနေသလို နေတယ်ဆိုတာက ထောင်ကိုက ကျနေတဲ့ အတွက် ထောင်ထဲမှာ နေသလိုပဲ နေရမှာပဲ။ ဒါပေမယ့် ကျနော် ဒီအပြင်မှာ ရောက်လာတဲ့အခါကျ တော့ ကျနော် ထောင်ကျနေတာမဟုတ်တဲ့အတွက် ထောင်ထဲမှာနေသလိုထက်တော့ ပိုပြီး တော့ ကျနော် ကျယ်အောင်တော့နေမှာပဲ။”

*အဲဒီတော့ ဆရာ အခုလိုနေရင်းနဲ့ပဲ ဆရာက ‘စု–လွှတ်–တွေ့’ ဆိုတဲ့မူကို ဆက်လက်ကိုင်ဆွဲမှာပေါ့နော် ဆရာ။*

“ဒီတိုင်းပဲကိုင်တယ်။ ဒီဟာပဲ ကျနော်တို့လုပ်တယ်။”

*အဲဒီတော့ အခုလက်ရှိ ကျနော်တို့ဖြစ်နေတာက ဥပမာ၊ ကုလသမဂ္ဂ မစ္စတာဂမ်ဘာရီတို့ လာတယ်။ နောက် သူတို့က ၂၀၁၀ ရွေးကောက်ပွဲကို လူအားလုံး ပါဝင်အောင် လုပ်ပါဆိုပြီး အစိုးရကို ပြောနေတဲ့အပေါ်မှာကော ဆရာ ဘယ်လိုမြင်သလဲ။*

“ဒီဟာတွေနဲ့ပတ်သက်လို့ ကျနော် သိပ်ပြီးတော့ ကျနော် ထင်မြင်ချက် ဝေဖန်ချက်ပေးနိုင်လောက်အောင် ကျနော် သိပ် အသေးစိတ်မသိဘူးဗျာ။ သို့သော် ကျနော်ပြောနိုင်တာတခုကတော့ သာမန် အားဖြင့် ကျနော့်ရဲ့ တဦးချင်းသဘောထားနော်။ ဘာလို့လဲဆိုတော့ ကျနော်က အဖွဲ့အစည်းတွေနဲ့ ဘယ်လိုရှိတယ်ဆိုတာကတော့ ကျနော်မသိဘူး။ ကျနော့်ရဲ့သဘောထားကတော့ တစ်က ကျနော်က ဒီပြီးခဲ့တဲ့ ‘အန်စီ’ (NC-National Convention) (အမျိုးသားညီလာခံ)ကို ကျနော် လက်မခံဘူး။ ဘာဖြစ်လို့ လက်မခံလဲဆိုတဲ့အခါကျတော့ NC Concept (အမျိုးသားညီလာခံအယူအဆ၊ အမြင်သဘောထား)ကို လက်ခံတယ်။ ကျနော်တို့ ၁၉၈၉ ခုနှစ်တုန်းက ဒေါ်စုကိုယ်တိုင် ပင်လုံကျောက် တိုင်ကို သွားတယ်။ ကိုမိုးသူကနေပြီးတော့ ဒေါ်စုကိုယ်စား ဖတ်တယ်။ အဲဒီထဲမှာ ကျနော်တို့စာတမ်းထဲမှာ ဘာပါလဲဆိုတော့ သူတို့က ‘အန်စီ’ ခေါ်မယ်ဆိုတဲ့ဟာ။ ရွေးကောက်ပွဲပြီးသွားရင် လွှတ်တော် ဘယ်သူနိုင်နိုင် – ဒါ အန်အယ်လ်ဒီ မဟုတ်ဘူးနော်။ အန်အယ်လ် ဒီက ရွေးကောက်ပွဲ ဝင်မယ်မဝင်မယ်တောင် မပြတ်သေးတဲ့အချိန် – နိုင်ငံပါတီကနေပြီးတော့ ‘အန်စီ’ တခုခေါ်မယ်လို့ပြောတယ်။ အခုသူတို့က ခေါ်တယ်။ သူတို့ကခေါ်တဲ့ပုံစံနဲ့ ကျနော်တို့ခေါ်တဲ့ပုံစံနဲ့ မတူ ဘူး။ ကျနော်တို့က ပြည်သူရဲ့ ‘မန်းဒိတ်’ Mandate (အများ ထောက်ခံမှုအရ ရရှိသောလုပ်ပိုင် ခွင့်၊ အာဏာ)ကို တခါတည်း ... ရှိတဲ့လွှတ်တော်ကနေ ကွပ်ကဲပြီးတော့ လွှတ်တော်ရဲ့ကြီးကြပ်မှုနဲ့ လွှတ်တော်ရဲ့ ကမကထပြုချက်နဲ့ခေါ်မယ့် ‘အန်စီ’ ... အခုဟာက စစ် ကောင်စီကနေပြီးတော့ ချပေး တဲ့ဟာ ... အောက်ကနေ လိုက်ပြောတဲ့ ‘အန်စီ’ ... ဒါကြောင့် ကျနော်တို့ သဘောမတူဘူး။ ကောင်းပြီ ...အဲဒီ ‘အန်စီ’ ကနေ ချပေးလိုက်တဲ့ ကွန်စတီကျူးရှင်း Constitition (ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ) နဲ့ ပတ်သက်လို့ ကွန်စတီကျူးရှင်းကို ကျနော်တို့ လက်မခံနိုင်ဘူး။ လက်မခံနိုင်တဲ့ဟာ ကျနော် အသေးစိတ်တွေ မပြောပါဘူး။ ကျနော်လဲ တချို့ဟာတွေ မသိသေးဘူးဗျာ။ ဘာလို့လဲဆိုတော့ ကျနော်လဲ အကုန်လုံး အပြည့်အစုံ မဖတ်ရဘူး။ သတင်းစာရတယ်ဆိုပေမယ့် ကျနော် လွန်ခဲ့တဲ့ တနှစ် နှစ်နှစ်ကစပြီး သတင်းစာရတယ်။ ရတာကလည်း ရတဲ့အခါ ရ၊ ကျော်တဲ့ရက် ကျော်ဆိုတဲ့အခါကျတော့ ကျနော် အသေးစိတ်မသိဘူး။ သို့သော်

ကျနော်သိသလောက် ပြောရမယ်ဆိုလို့ရှိရင်တော့ အခြေခံအားဖြင့် ဒီကွန်စတီကျူး ရှင်းကို ကျနော်တို့ လက်မခံနိုင်တဲ့ အကြောင်းက ဘာလဲဆိုတော့ နံပါတ် ၆ လို့ပြောတဲ့ 'တပ်မတော်သည် အမျိုးသားနိုင်ငံရေးရဲ့ ဦးဆောင်မှုကဏ္ဍကနေ ပြီးတော့ ပါဝင်ရမယ်'ဆိုတာ ... ကျနော်က အဲဒါ လက်မခံနိုင်ဘူး။ ဘာလို့ လက်မခံနိုင်ဘူးဆိုတာ တပ်မတော်နဲ့ပတ်သက်လို့ ဘာမှမပြောလိုဘူး။ တပ်မတော်က ပုဂ္ဂိုလ်များကို ကျနော်က လေးစားတယ်။
ကျနော်တို့အဖွဲ့အစည်းမှာသည်ပင်လျှင် တပ်မတော်ကထွက် လာတဲ့ပုဂ္ဂိုလ်များက ခေါင်းဆောင်နေတာပဲ။ ဦးအောင်ရွှေ ဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ဦးလွင်ဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ဦးတင်ဦးဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ ကျနော်တို့ ဒီပုဂ္ဂိုလ်များကို လေးလေးစားစားနဲ့၊ အားကိုးတကြီးနဲ့ ကျနော်တို့ ခေါင်းဆောင်တင်ထားတာပဲ။ ဥပမာ၊ အခုရှိနေတဲ့ တပ်မတော်ထဲကနေ ထွက်လာမယ့်လူတွေ၊ ဒီလူတွေနဲ့ပတ်သက်ပြီး တော့ ကျနော်တို့ ဘာမှ ချိုးနှိမ်စရာ၊ ဒီလူတွေကို နှိပ်ကွပ်စရာ၊ ဒီလူတွေကို ပစ်ပယ်စရာ ဘာမှမရှိဘူး။ ဒီလူတွေနဲ့ ကျနော်တို့ တွဲလုပ်နိုင်ပါတယ်။ သို့သော် နိုင်ငံရေးမှာ ဦးဆောင်မှုကဏ္ဍကနေ ပါမယ်ဆိုတဲ့ အမှတ် ၆ ရဲ့ ဆိုလိုချက်မျိုး။ အဲဒါ ဘာမှာသွားပြလဲဆိုတော့ လွှတ်တော်ထဲမှာ သုံးပုံတပုံပါမယ်ဆိုတာမျိုး ... အဲဒါမျိုးကျတော့ ကျနော် တို့ လက်မခံနိုင်ဘူး။ ထွက်လာရင် လာပါ။ ဥပမာဆိုပါစို့၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေပဲ ထွက်လာမလား ... ဗိုလ်ချုပ်မှူး ကြီးမောင်အေးပဲ ထွက်လာမလား၊ ဗိုလ်ချုပ်ကြီးရွှေမန်းပဲ ထွက်လာမလား ... လာခဲ့ပါ။ ကျနော်တို့ထဲမှာ ဝင်လုပ်ကြမလား ... သို့မဟုတ် ကျနော်တို့နဲ့မဆိုင်တဲ့ အခြားသော ဒီမိုကရေစီအဖွဲ့အစည်းများ မှာ လုပ်မလား ... အားလုံးကို ကျနော်တို့ ကြိုဆိုပါတယ်။ ကျနော်တို့ထဲမှာ ဝင်လုပ်လို့ ကျနော်တို့ထဲမှာ အယူအဆကောင်းတွေ၊ လုပ်ငန်းကောင်းတွေကို ရှိတဲ့အတွက် ခေါင်းဆောင်တင်ရမယ်ဆိုရင်လဲ ကျနော်တို့ ဝန်မလေးပါဘူး။ တက်လုပ်ပေါ့။ အားလုံးက၊ အများက သဘောတူရင် ကျနော်တို့ထဲမှာ ခေါင်းဆောင်လုပ်ဖို့လဲ ဝန်မလေးပါဘူး။ ဦးအောင်ရွှေ ခေါင်းဆောင်လုပ်နေလဲ ကျနော်တို့ ထောက်ခံတာပဲ။ ဘာလို့လဲဆိုတော့ အများက လက်ခံထားတယ်ဆိုရင် လုပ်ပါ။ ဥပမာ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျနော်တို့ဆီ ထွက်လာပြီးတော့ အန်အယ်ဒီမှာ လာလုပ်မယ်ဆိုလဲ လုပ်ပါ။ လက်ခံတာမခံတာက ကျနော်တို့ ပြောလို့မရဘူးလေ။ ကျနော်တယောက်တည်း မဲပေးလို့ရတဲ့ကိစ္စမှ မဟုတ်ဘဲကို။ သို့သော် တပ်မတော်ကို ကျနော်တို့ လူပုဂ္ဂိုလ်အရ ဘာမှ ပစ်ပယ်ခြင်း၊ကန့်ကွက်ခြင်းလုပ်တာ မဟုတ်ပေမယ့်လို့ တပ်မတော်က အာဏာကို ခွဲဝေတဲ့ဟာမျိုး ... လွှတ်တော်ကိုဝင်ပြီးတော့ ပြည်သူ့ရဲ့ဆန္ဒ အထက်ကနေပြီးတော့ ပြည်သူ့ရဲ့သဘောထား အထက်ကနေပြီးတော့ နေတဲ့ဟာမျိုး ကျနော်တို့ လက်မခံနိုင်ဘူး။ အဲဒါကြောင့် ကျန်နေတဲ့ဟာတွေ ဘေးချိတ်ထား ... အသေးစိတ်လေးတွေ ကျနော် မပြောနိုင်သေးဘူး။ ကျနော် မသိတာတွေလဲ ပါတယ်။ ကျနော်ကိုယ်တိုင် နားမလည်တာတွေပါတယ်။ ကျနော်ကိုယ်တိုင် အဆက်အစပ်မရတာတွေ ပါတယ်။ ကျနော့်ကို ရှင်းပြရမယ့်ဟာတွေ ရှိတယ်။ သို့သော် ဒီနံပါတ် ၆ ကိုတော့ ကျနော် လက်မခံနိုင်ဘူး။ ဒီနံပါတ် ၆ ကို လက်မခံနိုင်တဲ့အတွက် ဒီကွန်စတီကျူး ရှင်းကို လက်မခံနိုင်ဘူး။ 'အန်စီ'ကို လက်မခံနိုင်ဘူး။ ကွန်စတီကျူးရှင်းကို လက်မခံနိုင်ဘူး။ ကောင်းပြီ၊ အဲဒီထဲကနေထွက်လာမယ့် ရွေးကောက်ပွဲကိုရောဆိုတော့ ရွေးကောက်ပွဲလဲ ကျနော် လက်မခံနိုင်ဘူး။ ဒါပဲ ကျနော် ထပ်ပြောရမယ်။ ဘာလို့ ရွေးကောက်ပွဲကို လက်မခံလဲဆိုတော့ ရွေးကောက်ပွဲဆိုတာ ကလည်း ဘယ်ကနေထွက်လာမယ့်ဟာလဲဆိုတော့ ဒီ ကွန်စတီကျူးရှင်းထဲကနေ ချိုးဖဲ့ပြီးတော့ ... ဟိုစည်းကမ်း၊ ဒီစည်းကမ်းဆိုတဲ့ဟာတွေနဲ့ လုပ်ပြီးတော့၊ ရွေးကောက်ပွဲဥပဒေဆို တာတွေ ဆွဲပြီးတော့ ဒါနဲ့လုပ်မှာ။ ခင်ဗျားတို့ ဖတ်ကြည့်ရင်တော့ သိမှာပဲ။ ကျနော် အသေးစိတ်တွေ မသိတဲ့အတွက် ကျနော် မပြောချင်ဘူး။ သို့သော် ဘာမှ ကျေနပ်ဖွယ်တော့ မရှိဘူးလို့ ကျနော်က အဲ လိုပဲ ထင်ပါတယ်။" ❖

**( ဒီဗွီဘီ ဦးခင်မောင်စိုးမှ ဆက်သွယ်မေးမြန်းချက် ၂၀၀၈ စက်တင်ဘာ ၂၃)**

### *ဦးဝင်းတင်နှင့် ဆက်သွယ်မေးမြန်းချက် အပိုင်း (၂)* ၂၄ စက်တင်ဘာ ၂၀၀၈

*အကျဉ်းထောင်ထဲမှာ ၁၉ နှစ်ကျော် အကျဉ်းကျခဲ့ပြီး ၂၀၀၈ စက်တင်ဘာ ၂၃ ရက် ညနေမှာ လွတ်မြောက် လာတဲ့ သတင်းစာဆရာ ၊စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင်နဲ့ ဆက်သွယ်မေးမြန်းချက် ဒုတိယပိုင်း ကို ဆက်လက်တင်ပြပါမယ်။*

*တပ်မတော်ကနေပြီးတော့ ရွေးကောက်ပွဲ မဝင်ဘဲနဲ့ အလိုအလျောက် လွှတ်တော်ထဲ ရောက်လာမယ့် ပုံစံမျိုးကို ဆရာလက်မခံနိုင်ဘူးလို့ ပြောတာပေါ့နော်။*

"ဒါပေါ့။ လက်မခံဘူးပေါ့။ အဲဒါပြောတာပေါ့ – ဒါ ပြည်သူရဲ့ဆန္ဒအထက်ကနေ နေတဲ့ဟာ။ ဝင်ခဲ့ပါ ... တပ်မ တော်ကနေ ထွက်ခဲ့ပါ။ ပါတီတွေမှာ ဝင်လုပ်ပါ။ ရွေးကောက်ပွဲဝင်ကြပါ။ လွှတ်တော်ထဲကို ဝင်ကြပါ။ သမ္မတ ကြီးပဲလုပ်လုပ်၊ ဝန်ကြီးချုပ်ပဲလုပ်လုပ်၊ လုပ်ချင်တာလုပ်ပါ။"

*ပြီးခဲ့တဲ့မေလမှာ အခြေခံဥပဒေကို အတင်းအတည်ပြုသွားပြီ။ ၂၀၁၀ မှာ ရွေးကောက်ပွဲဝင်ကြဖို့ သူတို့က လည်း ဆော်သြနေကြတာ။ အခုတလောမှာ ဂယက်ရိုက်တာကတော့ အစိုးရကလုပ်တဲ့အတိုင်းပဲ ရွေးချယ် စရာရှိတယ် ... တခြားလမ်း ရွေးချယ်စရာမရှိဘူးပေါ့။ အခြေခံဥပဒေကနေ ပြဋ္ဌာန်းထားတဲ့အတိုင်း ရွေး ကောက်ပွဲကြီးဝင်ဖို့အတွက် လုပ်ရမယ်။ အဲဒီမှာ ကွင်းအသစ်တို့၊ ကစားသမားအသစ်တို့နဲ့ ကျနော်တို့ ဖြစ်လာမယ်။ အဲဒါကြောင့် အဲဒီကနေ ရလဒ်ထွက်လာရင် နိုင်ငံရေးအသစ် ဖြစ်လာမယ်ဆိုတာမျိုး ဆရာ မောင်စူးစမ်းတို့က ဆောင်းပါးတွေ ရေးတာရှိတယ်။ ဆရာ့အနေနဲ့ကော အဲဒီလို ရွေးကောက်ပွဲ အသစ် ဖြစ်လာလို့ရှိရင် ဗမာနိုင်ငံရေးရဲ့ အပြောင်းအလဲမှာ နိုင်ငံရေး အသစ်တွေ ဖြစ်လာပြီးတော့ ပိုမိုကောင်း မွန်လာမယ်လို့ရော မယူဆနိုင်ဘူးလား ဆရာ။*

"မယူဆဘူးခင်ဗျ။ မယူဆဘူးဆိုတာ ရွေးကောက်ပွဲဆိုတာ အခြေခံမဟုတ်ဘဲကို။ ရွေးကောက်ပွဲဝင်ခြင်း ဆိုတာ အခြေခံ မဟုတ်ဘူး။ ရွေးကောက်ပွဲက ထွက်လာတဲ့ ရလဒ်ဆိုတာ အခြေခံမဟုတ်ဘူး။ အခြေခံက ရွေးကောက်ပွဲဆိုတဲ့ဟာက ဘယ်လိုပုံစံနဲ့ပေါ်လာတဲ့ ရွေးကောက်ပွဲလဲ။ ဘယ်လိုအခြေခံတွေနဲ့၊ ဘယ်လို ပတ်ဝန်းကျင်တွေနဲ့၊ ဘယ်လိုစည်းကမ်းတွေ နဲ့၊ ဘယ်လိုစည်းမျဉ်းတွေနဲ့ လုပ်နေတယ်ဆိုတဲ့ နဂိုက အနှစ် သာရက လွဲနေရင် ရွေးကောက်ပွဲကထွက်လာရင် Constitition (ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ) ကနေ ထွက်လာတဲ့ ရွေးကောက်ပွဲဥပဒေဆိုတာလည်း ... ဒီ ကွန်စတီ ကျူးရှင်းမှာ ကျနော်တို့ လက်မခံနိုင်ရင် ထွက်လာမယ့် ရွေးကောက်ပွဲစည်း မျဉ်းစည်းကမ်းဆိုတာလည်း ကျနော်တို့ လက်မခံနိုင်ဘူး။ ဘာလို့လဲ ဆိုတော့ ဒီစည်းမျဉ်းစည်းကမ်းကလည်း အမိန့်ပေးတာအတိုင်း၊ ခိုင်းတာအတိုင်း လုပ်ရမယ့် ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းပဲဖြစ်တယ်။ အဲဒီ စည်းမျဉ်းစည်းကမ်းထဲကို တခါ အမိန့်ပေးတဲ့အတိုင်း၊ ခိုင်းတဲ့အတိုင်း ဝင်တယ်ဆိုတာလလည်း ဝင်လို့ရှိရင် ဝင်တာပဲရှိမယ်။ ထွက်လာတဲ့ ကိုယ်စားလှယ်ဆိုတာလည်း လမ်းညွှန်တဲ့အတိုင်း၊ ခိုင်းတဲ့အတိုင်း ဒါပဲလုပ်ရတဲ့ဟာပဲဖြစ်မှာ။ အဲဒါကို ကျနော်က ဒီ ပရော ဆက်(စ်) (process) (လုပ်ငန်းစဉ်)ကြီးတခုလုံးကို လက်မခံနိုင်ဘူး။ ဒါနဲ့ပတ်သက်လို့ကတော့ ကျနော်က အသေးစိတ်တော့ သိပ်မပြောချင်ဘူးဗျ။ ကျနော်တို့ သိပ်ပြီးတော့ ကျနော်တို့ရဲ့ အတ္တနောမတိတွေ သိပ်များသွားတယ်ဆိုလို့ရှိရင် ကျန်တဲ့ပုဂ္ဂိုလ်များကလည်း ဟိုဒင်း ဖြစ်မှာ စိုးတယ်ပေါ့။ သို့သော် အဲဒီပေါ်မှာတည်ပြီးတော့ ဒီရွေးကောက်ပွဲဆိုတဲ့ အသံလေး ထွက်လာတဲ့အခါမှာ ဝိုင်းပြီးတော့ 'ကောင်းတယ်'တို့ အော်တဲ့ဟာတွေကို လက်မခံနိုင်ဘူး။ ရွေးကောက်ပွဲဆိုတာကို ကျနော်တို့ရွေးကောက်ပွဲကို အပြစ်မတင်ဘူး။ ရွေးကောက်ပွဲ ပစ်ပယ်လို့ ဘယ်လိုလုပ်ရမလဲ။ ဒီမိုကရေစီလုပ်တာ ရွေးကောက်ပွဲပစ်ပယ်ရင် ဒီမိုကရေစီ ဘယ်လိုလုပ်မလဲ။ ရွေးကောက်ပွဲ ရှိရမှာပေါ့။ သို့သော် ရွေးကောက်ပွဲဆိုတာ ဘယ်လိုရွေးကောက်ပွဲလဲ။ ဒါကို ကျနော်တို့ပြောတာ။ ရွေးကောက်ပွဲရှိမှတော့ ပါတီတွေ ဝင်ပြီးတော့ပြိုင်ရမှာပေါ့။ ကောင်းပြီ။ ဘယ်လိုရွေးကောက်ပွဲ ဝင်ပြိုင်တာလဲ။ ပါတီတွေကနေ လူထုတွေက ရွေးကောက်တင် မြှောက်လိုက်တဲ့အခါကျတော့လည်း ထွက်လာတဲ့ ကိုယ်စားလှယ်များဆိုတာလည်း ဒါလည်း ဘယ်လိုရွေး ကောက်ပွဲမှာ ဘယ်လိုဝင်ကြတာလဲဆိုတာတွေ မေးစရာမေးခွန်းတွေက ဆက်ဆက် ဆက်ဆက်ပြီးတော့ ပေါ်လာတော့မှာ။ ဒီအခြေခံတခုလုံးကို ပြန်စဉ်းစားပါ။ ဒီအခြေခံတွေကို

စဉ်းစားနိုင်အောင်ဆိုလို့ရှိရင်တော့ ကျနော်တို့ စကားပြောဖို့လိုတယ်ဗျာ။ စကားပြောဖို့လိုတယ်။ အခု ဒီအတောအတွင်းမှာတော့ တချို့ပုဂ္ဂိုလ်များကနေပြီးတော့ ဒိုင်ယာလော့ဆိုတာ အဆင် တန်ဆာလိုဟာမျိုးလို့ ပြောနေတော့ ကျနော်တို့ ဒါကို လက်မခံနိုင်ဘူး။ ဒါ ကျနော်သိပ်ပြီးတော့ အသေးစိတ် မသိသေးပါဘူး။ သတင်းစာတွေကနေ ပြန်ပြီးတော့ထည့်တဲ့ ဆောင်းပါးတပုဒ်ဖတ်ရတယ်။ အဲဒါထက်စောပြီးတော့ ဆောင်းပါတပုဒ် ဖတ်ရတယ်။ ဂျာနယ်ထဲမှာပါတယ်။ အဲဒီတုန်းကတည်းက ကျနော် ပြောတယ်။ ‘ဒီလိုတော့ မဟုတ်ဘူးလို့ ထင်တယ်’လို့။ ဘာလို့လဲဆိုတော့ ဒါဟာ အဆင်တန်ဆာ မဟုတ် ဘူးခင်ဗျာ။ ပြောရမယ်ဟာတွေ ရှိတယ်။ ရွေးကောက်ပွဲကြီးတခုလုံးကို ရွေးကောက်ပွဲကို ပြောမယ်ဆိုရင် ဟို ဇာစ်မြစ်ကိုလိုက်ပြီးလို့ရှိရင် အန် စီ (NC-National Convention) (အမျိုးသားညီလာခံ) ကြီးတခုလုံးကို ပြောရလိမ့်မယ်။ အန်စီတခုလုံး ပြောပြီးရင် ကွန်စတီကျူးရှင်းကို ပြောရမယ်။ ကွန်စတီကျူးရှင်းပြီးရင် ရွေးကောက်ပွဲ ဥပဒေကို ပြောရမယ်။ ရွေးကောက်ပွဲဥပဒေထဲကနေ ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲကနေ ထွက်လာမယ့် လွှတ်တော်၊ ဒီလို အဆင့် ဆင့်သွားမယ့်ဟာတခုလုံးကို ကြည့်နေတဲ့အချိန်မှာ အဲဒါတွေကို မကြေလည်တာတွေ အများကြီးရှိတယ်။ မမှန်တာတွေရှိတယ်။ မဟုတ်တာတွေရှိတယ်။ မကောင်းတာတွေရှိတယ်။ ဒါ ကျနော်တို့ ခင်ဗျားတို့ပြောတာကို ပြောမယ်ဆိုရင်ပြောနိုင်ပါတယ်။ ဒါကို ကျနော် ဘာမှ အငြင်း မပွားပါဘူး။ သို့သော် ပြောစရာတွေ အများကြီးရှိတယ်ဆိုတာကတော့ ဒါ ငြင်းလို့မရဘူး။ ပြောစရာတွေ အများကြီးရှိတယ်။ ဒါ သေချာနေတာပဲ။

ဒါတွေ အကုန်လုံး ဟာ နိုင်ငံရေးပါတီတွေ၊ အပြင်မှာရှိတဲ့ လူပုဂ္ဂိုလ် တွေ၊ အသံတွေ နားထောင်ကြည့်ရင် သိပါတယ်။ ဥပမာ၊ အန်စီနဲ့ပတ် သက်လို့ ဘီဘီစီကနေပြီးတော့ ကိုယ်စားလှယ်တယောက်နဲ့တွေ့တယ်။ ကိုယ်စားလှယ်တယောက်ကို ‘ခင်ဗျားတို့ပြော ရတာ ကောင်းရဲ့လား … လွတ်လွတ်လပ်လပ်ပြောနိုင်ရဲ့လား။’ ‘ရပါတယ်။’ ‘ဒါဖြင့်ရင် ဘယ်လိုပြောလဲ။’ ‘သူတို့က နေ ဒါချပေးလိုက်ရင် ကျနော်တို့က ဒါတွေပြီးပြီဆိုလို့ ရှိရင်လည်း ပြီးတာပဲ’လို့ ပြောတယ်။ ကိုင်း၊ တိုင်းရင်းသားကိုယ် စားလှယ်တဦးကနေ ပြောတဲ့ဟာ။ ကျနော့် ကိုခွင့်လွှတ်ပါ။ ကျနော် မမှတ်မိတော့ဘူး။ ဘီဘီစီနဲ့ အင်တာဗျူးလုပ်တဲ့ ဟာ၊ ဒါ အစိုးရသတင်းစာထဲမှာ ပါတဲ့ဟာနော်။ အဲဒီမှာပြောဖူးပါတယ်။ ကိုယ်စားလှယ်တဦးက။ အဲဒါကြောင့် ကျနော် က တခုလုံးက အခြေခံက လွဲနေတယ်။ ဒါ ကျနော်တို့ထင်တဲ့ဟာ။ ကျနော့်အထင်ချည်းပဲ ကျနော်ပြောတာမဟုတ်ဘူး။ လူတော်တော်များများက ထင်တယ်။ အန်စီထဲမှာရှိတဲ့လူတွေက တောင်မှ အဲလိုထင်တယ်ဆိုရင် ဒီအန်စီကို ကျနော် တို့ သုံးသပ်သင့်တယ်။ ကောင်းပြီ၊ သုံးသပ်သင့်တယ်ဆိုလို့ရှိရင် ကျနော်တို့ တဖက်သတ် အပြင်ကနေပြီး ‘မကြိုက်ဘူး၊ မကောင်းဘူး’ချည်းပဲ ပြောနေရုံနဲ့ဆိုရင်တော့လည်း မဖြစ်ဘူး။ အဲဒီတော့ ဘာလုပ်မလဲ။ လူကြီးတွေလို၊ တိုင်းရေးပြည်ရေးတွေကို လုပ်သလို ဆွေးနွေးရမယ်၊ ညှိနှိုင်းရမယ်၊ ဒိုင်ယာလော့ လုပ်ရမယ်။ အဲဒီ ဒိုင်ယာလော့က ပြောချင်တာပြောပါ … အဆင်တန်ဆာပဲပြောပြော ဘာပြောပြော၊ ရပါတယ်။ ကျနော်ကတော့ အဲဒီလို လက်မခံနိုင်ဘူး။ ဒိုင်ယာလော့က လိုအပ်ချက်ပဲ။ လိုကို လိုအပ်ချက်ပဲ။ ထပ်ကို ပြောရဦးမယ့်ဟာလို့ ဒီလို သဘောထားပါတယ်။ အဲဒီ တွေ့ဆုံဆွေးနွေးပွဲကို ကျနော်တို့ အစဉ်တစိုက်လုပ်ခဲ့တာပေါ့

*ဆရာ။ ဒါ အန်အယ်ဒီကရော၊ ဆရာတို့ ရော … ဒေါ်စုဦးဆောင်တဲ့ဘက်ကပေါ့လေ။ တွေ့ဆုံဆွေးနွေး၊ တွေ့ဆုံဆွေးနွေးရေး လုပ်ပေမယ့်လို့ ဒီ တွေ့ ဆုံဆွေးနွေးရေးက ဒီနေ့ ဘာမှဖြစ်မလာဘူး။ အဲဒီတော့ တွေ့ဆုံဆွေးနွေးရေး ဖြစ်လာဖို့အတွက်ဆိုလို့ရှိရင် ဘယ်လို အကြောင်းရင်းတွေ လိုအပ်မလဲ ဆရာ။*

အဲဒါကတော့ အခုနကပြောသလို ကျန်တဲ့ဟာတွေကတော့ အများကြီးရှိမယ်ဗျာ။ ကျန်တဲ့ဟာတွေကို ထား။ ဒီတွေ့ဆုံဆွေးနွေးရေး ဖြစ်လာဖို့ဆိုလို့ရှိရင် ပထမဦးဆုံးအနေနဲ့တော့ တွေ့ဆုံဆွေးနွေးရေး ဖြစ်ချင် တယ်ဆိုတဲ့ သဘောထား၊ သို့မဟုတ်လည်း ဗမာပြည်မှာ ဒီနေ့ကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာ။ စသူငအေခရ္ ၂သူကအသေည ပေါ့ဗျာ နိုင်ငံရေးဖြေရှင်းမှုတခုကို ကျနော်တို့ ဒီမိုကရေစီသမားများပီပီ ဒီမိုကရေစီကို လိုလား တဲ့၊ ဒီမိုကရေစီကို ရှေးရှုတဲ့၊ ဒီမိုကရေစီကို ဦးတည်တဲ့လူများပီပီ တွေ့ဆုံဆွေးနွေးပြီးတော့ လုပ်ရမှာပဲ။ ပထမဦးဆုံးလိုအပ်ချက်ကတော့ ဒီမိုကရေစီကို ဒီမိုကရေစီနည်းကျ … ဖြစ်နေတဲ့ပြဿနာတွေကို … ဒီမိုကရေစီ ပေါ်ပေါက်စေချင်တယ်ဆိုတဲ့ဆန္ဒနဲ့ တွေ့ဆုံဆွေးနွေးဖို့ပဲ ဖြစ်တယ်။ အဲဒီတွေ့ဆုံဆွေးနွေးမှုမှာ အ လိုအပ်ဆုံးက လိုအင်ဆန္ဒ ။ ဒီမိုကရေစီကျတဲ့၊ ဒီမိုကရေစီကိုလိုလားတဲ့ လိုအင်ဆန္ဒနဲ့ လုပ်တဲ့ကိုင်တဲ့နေရာ မှာ ဒီမိုကရေစီနည်းကျလုပ်ဖို့။ ဒါနှစ်ခုပဲ ကျနော်အဓိက

ပြောချင်တယ်။ ကျန်တဲ့အသေးစိတ်တွေကတော့ အများကြီး ပြောစရာရှိမှာပေါ့။"

*၉၀ ခုနှစ်ရလဒ်ဟာ အခုဆိုရင် အနှစ် ၂၀ နီးပါး ရှိပြီဖြစ်တဲ့အတွက်ကြောင့် ဒါဟာ ကြာသွားပြီ၊ တရားမ ဝင်တော့ သလောက် ဖြစ်နေပြီ"ဆိုပြီး အစိုးရကလည်း ပြောနေတယ် ဆရာ။ အဲဒါကြောင့် သူတို့က "ရွေး ကောက်ပွဲအသစ် ကိုလုပ်ရမယ်၊ ၉၀ ခုနှစ်ရလဒ်ကို အန်အယ်လ်ဒီက စွန့်လွှတ်ပါ"ဆိုတာမျိုး ပြောနေတဲ့ အပေါ်မှာကော ဆရာ ဘယ်လိုသုံးသပ်မလဲ။*

တဖက်သတ်လို ပြောတဲ့ဟာကတော့ မကောင်းဘူးပေါ့။ ဒါပေမယ့် ပြည်သူ့ **Mandate** (အများ ထောက်ခံ မှုအရ ရရှိသော လုပ်ပိုင်ခွင့်၊ အာဏာ) က … ဥပမာ၊ အမေရိကန် ကွန်စတီကျူးရှင်းက နှစ်ပေါင်း ၂၀၀ ကျော်သွားပြီဗျာ။ အမေရိကန် ကွန်စတီကျူးရှင်းကို 'ဟိုတုန်းကလူတွေက ရွေးချယ်ထားတာပဲ၊ ပြီးသွား ပြီ'ဆိုလို့ ပြောလို့မရဘူးဗျ၊ ပြောလို့မရဘူး။ ကဲ၊ 'အမေရိကန်ကွန်စတီကျူးရှင်းကို အလကားပါပဲ၊ တရား မဝင်ပါဘူး၊ ပြည်သူ့ မန်းဒိတ်လည်း မရှိတော့ပါဘူး'လို့ ခင်ဗျားတို့ပြောမလား။ ဘယ်ပြောမလဲဗျ။ ဘာဖြစ် လို့လဲဆိုတော့ တခါပေးတာနဲ့ပဲ ပြီးသွားတဲ့ဟာ … နောက်ထပ်လုပ်ရမယ် … အဲဒါဆိုရင် လေးနှစ်တခါ ကွန် စတီကျူးရှင်းကို ပြန်ပြီးတော့ လုပ်ရမှာလား။ အလားတူပဲ၊ လွှတ်တော်တခုကို လုပ်ရမယ့်ဟာ ပေးထားပြီးပြီ ဆိုရင် ဒီလွှတ်တော်က သုံးရလိမ့်မယ်။ ခွင့်ပြုရလိမ့်မယ်။ ပြီးမှသာ အဲဒီလွှတ်တော်ကနေပြီးတော့ ပေါ်လာတဲ့ ဒီမိုကရေစီအရသာ နောက်ထပ် ရွေးကောက်ပွဲတွေ ရွေးကောက်ပွဲတွေ ဆက်ပြီးတော့ လုပ်သွားရုံပဲရှိတယ်။ ဒါပေမယ့် ဒီ ပထမဆုံးပေးထားတဲ့ မန်းဒိတ်က တော့ မပျောက်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပထမဆုံးပေးထားတဲ့ဟာက အသက်ဗျ။ ဒါနဲ့ အသက်ရှင်ရ တာ။ ဒီအသက်ရှင်ရတဲ့ မန်းဒိတ်ကို ခင်ဗျားတို့ အကုန်လုံး ဘာမှအသုံးမကျတော့ဘူး၊ ဘာမှမလိုတော့ဘူးလို့ ပြောတာကို လက်ခံရင် ဘယ်လိုမှ ဒီလိုဟာမျိုးကို လက်မခံနိုင်ဘူး။ ဒီမန်းဒိတ်က ရှိနေတုန်းပဲ။ အဲ၊ တခုရှိတယ်။ ကျနော် တချို့ဟာတွေကတော့ ကျနော့်ရဲ့သဘောထားတွေ။ ကျနော် တချို့ဟာ တွေမှာ အန်အယ်လ်ဒီ ဂိုက်(ဒ်) **Guide** (လမ်းညွှန်ချက်) ဆွဲပေးတဲ့လိုင်းကို လိုက်ရမှာပဲ။ ဒီနေ့ အန် အယ်လ်ဒီဟာ မှန်နေတယ်။ အန်အယ်လ်ဒီတော့ ဘယ်လိုဟာတွေ ဘယ်လိုရှိတယ်ဆိုတာတော့ မသိသေးဘူး။ ကျနော့်သဘောအရ ကျနော်ပြောရမယ်ဆိုရင်တော့ ဒီမန်းဒိတ်က ရှိနေတုန်းပဲဗျ။ ဒါအတွက် ကျနော် တို့ လုပ်ရမယ်။ အဲ– တခုရှိတယ်၊ ခင်ဗျားတို့က ဒါလုပ်တာ အာဏာအတွက်လား ဘာညာ။ အဲဒါမျိုးဆိုရင်တော့ ဒီလို တဖက်သတ် စွပ်စွဲချက်တွေကိုတော့ ကျနော် လက်မခံနိုင်ဘူး။ ဘာဖြစ်လို့ လက်မခံနိုင်သလဲဆိုတော့ ဒီဟာက အာဏာတခုတည်းကိစ္စမဟုတ်ဘူး။ အခုပြောနေတာက အာဏာကိစ္စမဟုတ်ဘူး။ ကျနော်တို့က ဒီမန်းဒိတ်လုပ်ပြီးတော့ ဒီလွှတ်တော်ကို ခေါ်ပေးရေးဆိုတာက ကျနော်စောစောကပြောခဲ့တဲ့၊ ဒေါ်စု ပင်လုံ ကျောက်တိုင်မှာ ဖတ်တယ်ဆိုတဲ့ စာတမ်းမှာ ပါပြီးသားပါ။ ကျနော်တို့လုပ်မယ့်ဟာက အာဏာရရေးဆိုတာ မဟုတ်ဘူး။ ကျနော်တို့လုပ်မယ့်ဟာက လွှတ်တော်ခေါ်မယ်၊ လွှတ်တော်ကနေပြီးတော့ ကွန်စတီကျူးရှင်း ဆွဲမယ်၊ လွှတ်တော်ရဲ့ ကမကထပြုချက်နဲ့ ကွန်စတီကျူးရှင်း ဆွဲမယ်၊ အဲဒီ ကွန်စတီကျူးရှင်း ဆွဲတဲ့ အန်စီတခု လုပ်မယ်။ အဲဒီ အန်စီထဲမှာ အဖွဲ့အစည်းတွေ အများကြီး ပါမှာ။ အဲဒီအန်စီကဆွဲတဲ့ ထွက်လာတဲ့ ကွန်စတီကျူးရှင်းအတိုင်း ကျနော်တို့ ရွေးကောက်ပွဲ ပြန်လုပ်မယ် ဆိုတဲ့ဟာ ရှိပါတယ်။ အဲဒီတော့ ကျနော်တို့ အခုက ဒီမန်းဒိတ်နဲ့ ပြန်ကိုင်ပြီးတော့ ဒီအန်စီတခုကို၊ ကွန်စတီ ကျူးရှင်းတခုကို လုပ်မယ်ဆိုတဲ့ဟာက ကျနော်တို့အာဏာအတွက် မဟုတ်ဘူးဗျာ။ ရှင်းရှင်းပြောရရင် ခိုင် မာတဲ့ ဒီမိုကရေစီအတွက် လုပ်တာ။ ဒါမှသာလျှင် အဲလို လွှတ်တော်ကနေ ကမကထပြုချက်နဲ့ … လွှတ်တော်ဆိုတာ ပြည်သူရဲ့ဆန္ဒတွေအကုန်လုံး တည်ရာ လွှတ်တော် … ဒီလွှတ်တော်ရဲ့ ကမကထပြုချက်နဲ့ ပေါ်လာမယ့် အန်စီကနေပြီးတော့ ရေးဆွဲတဲ့ ကွန်စတီကျူးရှင်းအတိုင်း ကျနော်တို့ ဆက်ပြီးတော့ လုပ် သွားမှာ။ ဒါ ဒီမိုကရေစီကို လုပ်မယ်လို့ ကျနော်တို့ ပြောခြင်းဖြစ်တယ်။"

❖

**( ဒီဗွီဘီ ဦးခင်မောင်စိုးမှ ဆက်သွယ်မေးမြန်းချက် ၂၀၀၈ စက်တင်ဘာ ၂၃)**


********************

BURMA STAR GROUP

# သတင်းစာ ဆရာကြီး ဦးဝင်းတင်နှင့် တွေ့ဆုံခြင်း

ရဲနည် | စက်တင်ဘာ ၂၅၊ ၂၀၀၈

## (ဧရာဝတီ အွန်လိုင်းမဂ္ဂဇင်း၏ ဆက်သွယ်မေးမြန်းခန်း)


ဦးဝင်းတင် (ဓာတ်ပုံ - မြတ်မိုးမောင်)

မေး။ ။ ပထမဦးဆုံး မေးခွန်းအနေနဲ့ပေါ့နော် … ဆရာကြီးကို အခုလို ဘာကြောင့်လွှတ်ပေးလိုက်တယ်လို့ ဆရာကြီး ထင်ပါသလဲ။

ဖြေ။ ။ အဲဒါနဲ့ ပတ်သက်လို့ ကျနော်တယောက်တည်း ဖြစ်တာကိုပြောတာနော် … တခြားလူတွေတော့ ကျနော်မသိဘူး။ ကျနော်တယောက်တည်းနဲ့ ပတ်သက် လို့တော့ ဒါမရိုးမသားလုပ်တာ … လိမ်တာပဲဗျ။ ဘာလို့ လိမ်တာလဲဆိုတော့ ကျနော် က ထောင် အနှစ် ၂၀ ကျတယ်ဗျာ။ ထောင်ရဲ့ထုံးစံက တနှစ်မှာ လျှော့ ရက်ဆိုတာ သုံးလကိုရှိတယ်ဗျ။ အဲတော့ အနှစ် ၂၀ ကျတဲ့လူက ၁၅ နှစ် ၁၆ နှစ်လောက်လျှော့ပေးရင် ဘယ်လောက်လောက် ရလဲဆိုတော့ တနှစ်ကိုဗျာ ၃ လ၊ ၁၆ နှစ် ဆို တော့ ၄၈ လ၊ ၄ နှစ်တောင်ရတယ်။ ၁၆ နှစ်ကျော်ကျော်ဆိုရင် လွှတ်တယ်ဗျ။ ကျနော်က လွှတ်ရမယ့်ဟာ အဲဒီဟာကို ကျနော့်ကို လွှတ်တဲ့အထဲမထည့်ဘဲနဲ့ ကျနော့်ကို 401 ထဲမှာ အမှုထည့်တယ်။ အဲဒါကို လက်မခံဘူးဆိုတော့ ကျနော် နဲ့ စကားများတယ်။ နောက်ကြောင်းလေး ပြန်ပြောရရင် ကျနော် ဒီ 401 ဆိုတဲ့ လက်မှတ်ထိုးတာ သို့မဟုတ် ပြစ်ဒဏ်ကို လျှော့ပြီးတော့ လွှတ်ပေးတာ သို့မဟုတ်လည်း ဆလံပေးထွက်တာ၊ ဒူးထောက်ထွက်တာ မလုပ်ဘူး ဆိုပြီးတော့ ၉၀ ခုနှစ် ကတည်းက ငြင်းခဲ့တယ်။

ကျနော့်ကို ပထမ ထောင် ၃ နှစ်ချတယ်။ ၈၉ မှာထောင်ချတယ်။ ၉၁ ခုနှစ်မှာ ကျနော့်ကို ထပ်ထုတ်ပြီးတော့ ထမင်းတွေ ဘာတွေကျွေးလုပ်သေးတယ်။ အဲဒါကို 401 နဲ့လွှတ်မယ်လို့ပြောတယ်။ ကျနော် ငြင်းခဲ့တယ်။ နောက်တခါ ကျနော့်ကို ၉၅ မှာ ဦးကြည်မောင်တို့ ဦးတင်ဦးတို့ လွှတ်တဲ့အချိန်မှာ ကျနော့်ကို ခေါ်ပြီးတော့ 401 နဲ့ ထွက်ဖို့ပြောတယ်။ ကျနော် ငြင်းခဲ့ တယ်။ နောက်တခါ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာ ကျနော် ဆေးရုံတက်နေတုန်းမှာ ကျနော့်ကို လာပြီးတော့ 401 နဲ့ လက်မှတ်ထိုးပြီးထွက်ဖို့ လာပြောတယ်။ ကျနော် ငြင်းခဲ့တယ်။ အဲဒီလို အကြိမ်ကြိမ် ငြင်းခဲ့တဲ့ 401 နဲ့ ကျနော့်ကို ထည့် တယ်။ တကယ်က ကျနော်က လွှတ်ရက်စေ့တဲ့လူအနေနဲ့ လွှတ်ကိုလွှတ်ရမယ် … ဒါပဲ။ အဲဒီတော့ ဒီဟာနဲ့ ပတ်သက်ပြီး တော့ အစိုးရဟာ ကျနော့်ကို လိမ်တာ၊ ညာတာ၊ စစ်အစိုးရဟာ ဒီအုတ်ရောရောရောက်ရော ရောထဲမှာ ကျနော့်ကို ရောထည့်တာ။ ပြဿနာတွေ အကုန်လုံးကို ရေရောပစ်တာ … ကျနော် အဲဒီ သဘော ပြောတာ။

မေး။ ။နောက်မေးခွန်းတခုက ၁၉ နှစ်ကျော်ကျော်ကြာ ဆရာ ထောင်ထဲမှာ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့တာကဘာကြောင့်လို့ထင်ပါသလဲ။

ဖြေ။ ။ ကျနော့်မှာလည်း တခါတလေကျတော့ စိတ်ပျက်တာ အားငယ်တာ စိတ်ဆင်းရဲတာ စိတ်ညစ်တာ မခံနိုင် တော့အောင်ဖြစ်တာ ရှိတာပေါ့ … လူပဲဗျာ။ ကျနော်လည်း သံနဲ့ထုထားတဲ့ လူမဟုတ်ဘူး။ ကျနော် ဘာဖြစ်လို့ နေနိုင်လဲ ဆိုတာ ကျနော် တွက်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ ကျနော် အမြဲတမ်းတလျှောက်လုံး လမ်းစဉ်(စုလွှတ်တွေ့)ဆိုတဲ့ လမ်းစဉ်ပဲ။ စဆိုရင် ဒေါ်စုနဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရေး၊ လွှတ်ဆိုတာက လွှတ်တော်ခေါ်ယူ ကျင်းပရေး၊ နောက်ဆုံးက တွေ့ဆိုတဲ့ဟာ တွေ့ဆုံဆွေးနွေးရေး။ ဒီသုံးခုကို ကျနော် apply လုပ်ပြီးတော့ နေတာပဲဗျ။ ဘယ်ပြဿနာ ပေါ်လာလာ ကျနော်က ဒီသုံးခုနဲ့ apply လုပ်တယ်။ apply လုပ်တယ်ဆိုတာ ဥပမာ ထောင်ထဲမှာ အကျဉ်းသားအခွင့်အရေးကို တောင်းဆိုတယ်။ နိုင်ငံရေး သဘောထားမေးလာရင် ကျနော်က လွှတ်တော် ခေါ်ယူရေးနဲ့ ပြောတယ်။ တွေ့ဆုံဆွေးနွေးရေး ကျနော် ပြောတယ်။ ဥပမာဆိုရင်တော့ ခေါင်းဆောင် ကြီးများနဲ့ တွေ့တဲ့ဟာမျိုး မလုပ်နိုင်ရင်တောင်မှ ကျနော်တို့က ထောင်အာဏာပိုင်တွေနဲ့ တိုက်ရိုက်တွေ့ချင်တယ် အဲဒီလိုမျိုးနဲ့ တွေ့ဆုံ ဆွေးနွေးလိုင်းကို တလျှောက်လုံး ကျနော်ကိုင်လာတယ်။

နောက်တခု ကျနော်ကိုင်တဲ့ဟာတခုက ရုံသုံးရုံပဲ။ အန်အယ်လ်ဒီ နိုင်ငံရေး မြင့်သွားတာရှိတယ် နိမ့်သွားတာရှိတယ်။ ဘာပဲဖြစ်ဖြစ် ကျနော် အန်အယ်လ်ဒီကို ဝန်းရံထားမယ်။ ဒါ ကျနော်တို့ အဖွဲ့အစည်းပဲ။ ဒီအဖွဲ့အစည်းနဲ့ ကျနော်တို့ရှိနေ တယ်။ ဒီမိုကရေစီ ဆိုလို့ရှိရင် အဖွဲ့အစည်းဆိုတာ ရှိရမယ်။ ဒီအဖွဲ့ပျက်သွားရင် သူတို့က ကြိုက်မှာပေါ့။ ကောင်းတာ မကောင်းတာ ရှိလားဆိုတော့ မကောင်းတာကို

ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်

ကောင်းတဲ့အနေအထားနဲ့ ရှိအောင်နေရမယ်။ အဲဒါကြောင့် အန်အယ်လ်ဒီ ကို ဝန်းရံကြရမယ်။ နောက်တခုက ကျနော်တို့ လွှတ်တော်ကို ဝန်းရံရမယ်။ လွှတ်တော်ဆိုတာ ရှင်းရှင်းပြောရင် ပြည်သူရဲ့ Mandate ကို လွှတ်တော်ကနေ ရထားတာ။ ကျနော်တို့ အန်အယ်လ်ဒီတင် ရတာမဟုတ်ဘူး။ နိုင်ငံရေးအရ ပြောတာ။ အခြားသောပါတီတွေရော၊ ဒါကြောင့်မို့ လွှတ်တော်ကို ဝန်းရံကြရမယ်။ နောက်တခုက ဒေါ်စု ရဲ့ ခေါင်းဆောင်မှုကို ဝန်းရံရမယ်။

ရှင်းရှင်းပြောရရင် ဒီတိုက်ပွဲကြီး တခုလုံးထဲမှာ ဒေါ်စုဟာ အလွန်အရေးကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့။ ဒေါ်စုမှာ ချို့ယွင်းချက် ရှိချင်ရှိမယ်။ ဒေါ်စု ကို ကျနော် ပုဂ္ဂိုလ်ရေးကိုးကွယ်တာ မဟုတ်ဘူး။ ဒေါ်စုရဲ့ အခန်းကဏ္ဍ ဒေါ်စုရဲ့လုပ်ဆောင်ချက်သည် ဒီနှစ် ၂၀ ကာလမှာ အလွန်အရေး ကြီးတယ်။ အဲလောက်ကို အလွန်အရေးကြီးတဲ့ အနေအထားမှာရှိတဲ့အတွက် ဒေါ်စု ခေါင်းဆောင်မှုကို ဘယ်လိုမှ သေးသိမ်အောင် လုပ် လို့မရဘူး ... လျော့ပေါ့အောင် လုပ်လို့မရဘူး။ ဒါကြောင့် ကျနော်တို့ ဒေါ်စုခေါင်းဆောင်မှုကို ဝန်းရံကြပါ။

အဲဒီ ကြွေးကြော်သံ သုံးရပ်၊ တောင်းဆိုချက်သုံးရပ် အဲဒါနဲ့ ကိုင်ရှင်းပြီးတော့ ကျနော်နေတဲ့အတွက် ဒီလောက်ခံနိုင်တယ်လို့ ကျနော် တော့ထင်တယ်။ သို့သော် ခုနပြောသလို လူပဲဗျာ ... သံနဲ့ထုထားတာမှမဟုတ်ဘဲ။ စိတ်ညစ်တာတွေ ကျန်းမာရေးချို့ယွင်းတာတွေလည်း ရှိမယ်။ ကျနော် အမြဲတမ်း နိုင်ငံရေးနဲ့ပတ်သက်ပြီး မျက်ခြည်မပြတ်နေနိုင်တာ၊ စိတ်ဓာတ်အင်အားတွေ တောင့်ခံနိုင်တဲ့ဟာ၊ အဲဒီ ကြွေး ကြော်သံ သုံးရပ်၊ တောင်းဆိုချက် သုံးရပ်ကြောင့်လို့ထင်တယ်။

မေး။ ။ စစ်အစိုးရက ဒေါ်စုနဲ့လည်း တွေ့နေပြီလို့ပြောတယ်ဆရာ။ အခုလာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို သူတို့ ကျင်းပမယ်လို့ပြော နေတယ်။ ဒီရွေးကောက်ပွဲ ကျင်းပရေး လမ်းကြောင်းကသာ Pragmatic ဖြစ်တယ်ဆိုပြီးတော့ အခုဆိုလို့ရှိရင် ဆရာမောင်စူးစမ်းတို့ကပါ ပြောလာတာရှိတော့ ဒီ ၂၀၁၀ ရွေးကောက်ပွဲ လမ်းကြောင်းကိုရော ဆရာ ဘယ်လိုထင်လဲ။

ဖြေ။ ။ ကျနော်က အဲဒါနဲ့ ပတ်သက်လို့တော့ ဒိုင်ယာလော့နဲ့ပဲ တတွဲတည်းတွဲပြီးတော့ စဉ်းစားရမယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲ ဆို လို့ရှိရင် စစ်အစိုးရဟာ လမ်းကြောင်းကို ပိတ်ထားတယ်။ လမ်းတားလိုက်တာ။ ရှေ့အတွက် လမ်းပိတ် နေပြီ။ လမ်းပိတ်ဖို့အတွက် ပေါ် လာပြီ။ ကွန်စတီကျူးရှင်း ဆိုတာ ပေါ်လာပြီ။ အဲဒီ ကွန်စတီကျူးရှင်း ထဲက ထွက်လာမယ့် ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေတို့၊ ရွေး ကောက်ပွဲ ဥပဒေတို့ ဒါတွေလည်း စပေါ်လာပြီ။ အဲဒီတော့ လမ်းပိတ်သွားပြီ။ အဲဒီတော့ ကိုစူးစမ်းတို့က ဒိုင်ယာလော့က အဆင်တန်ဆာ ဖြစ်သွားပြီလို့ပြောနေတယ်။ ကျနော်လက်မခံ ဘူး။ ဒါ အညံ့ခံလိုင်းပဲ။ ဟုတ်တယ် လမ်းပိတ်မနေဘူးလား ... ပိတ်တာပေါ့။ ပိတ်နေတာ ကို အခုမှ လမ်းပိတ်တာလို့ ထအော်ရင် အဲဒီလူဟာ တော်တော်ညံ့ တာပဲ။ ပိတ်နေတာ ရှင်းရှင်းပြောရရင် ၁၉၉၂ National Convention ခေါ်ကတည်းက သူတို့က ဒီဟာကို ကြံခဲ့ပြီးသား။ ကျနော်တို့ ဒါကြောင့် အမြဲတမ်းပြောနေတယ်။ သူတို့ကို legitimacy မပေးနိုင်ဘူး။

NC နဲ့ ပတ်သက်ပြီး ကျနော်တို့ သပိတ်မှောက်ရမယ်ဆိုတာက ၉၃ တုန်းက ကျနော် ပြောခဲ့ပြီးပြီ။ ဒါ အားလုံးရှေ့မှာ။ အမေရိကားက Mr. Bill Richardson လာတွေ့တယ်။ ထောက်လှမ်းရေးတွေရော ဘာတွေရော ထောင်အာဏာပိုင်တွေ ရော သတင်းထောက်တွေရော။ အဲဒီ မှာ ကျနော်ပြောခဲ့တယ်။ ကျနော်လက်မခံဘူး။ ဒါ Sham ၊ ဒါ အတုအယောင်ပဲ။ အဲဒါကို သပိတ်မှောက်ရမယ်။ ခင်ဗျားတို့ ကျနော်တို့ အားလုံးအတွက်ဆိုရင်တော့ အနည်းဆုံးတော့ သပိတ်မှောက်ရမယ်။ ဆိုလိုတာက ဒီတခါးကြီး ပိတ်တော့မယ်ဆိုတာ သူတို့က ၉၂ လောက်ကတည်းက ကြံရွယ်ပြီးသားပဲ။ အဲဒါအခုမှ ကျနော်တို့ ပြောနေတာ မဟုတ်ဘူး။ ကျနော်က ၉၂ လောက်တုန်းက သူတို့လုပ်တာ လည်း အမြဲတမ်း ကန့်ကွက်ခဲ့တယ်။

ကျနော်တို့က ဒီမိုကရေစီနည်းကျ တွေ့ဆုံဆွေးနွေး ဖြေရှင်းမယ်ဆိုတာ စိတ်ထဲမှာ ရှိတယ်။ ကျနော်တို့က တွေ့ဆုံဆွေးနွေး ရေးကို ၉၂ မတိုင်ခင်က ၈၈ အောက်တိုဘာလကတည်းက အန်အယ်လ်ဒီက ကိုင်စွဲခဲ့တဲ့ လိုင်းဖြစ်တယ်။ ဒီလိုင်းက ဒေါ်စု ကိုယ်တိုင် လက်မှတ်ထိုး ပြီးတော့ နဝတ ကို ပို့ခဲ့တဲ့လိုင်း။ အောက်တိုဘာ လကတည်းက။ ဒီဒိုင်ယာလော့လိုင်းက တလျှောက် လုံးရှိနေတာ၊ အဲဒီထဲမှာ သူတို့က NC လိုင်းတွေတင်လာတယ်၊ အခုတခါ နောက်ဆုံးပိတ် ဖွဲ့စည်းပုံလိုင်း။ လမ်းပိတ်နေတယ်၊ အဲဒီ ပိတ်နေတာကို ကျနော်တို့ နဂိုကတည်း က မြင်နေတာပဲ၊ အဲဒါကို ဒိုင်ယာလော့ နည်းနဲ့ ဖြေရှင်းမယ်။ ဒိုင်ယာလော့နည်းနဲ့ ကျနော်တို့ ဟာတွေကို တင်ပြမယ်၊ ဒိုင်ယာလော့နည်း နဲ့ သူတို့ ခြေလှမ်းတွေကို ဖျက်မယ် ဆိုပြီးတော့ ကျနော်တို့ ကိုင်စွဲခဲ့တာပဲ။

ဒီနေ့ ကျနော်တို့ လမ်းပိတ်နေတာကို မြင်နေသော်ငြားလည်း လမ်းပိတ်သွားတဲ့ အထိတော့ ကျနော်တို့က ဒိုင်ယာလော့ကို တောင်းဆိုနေ မှာပဲ။ လမ်းမပိတ်အောင်ပြောနေမှာပဲ။ ဒိုင်ယာလော့က ဒါပဲ။ အဲဒါကို ဒိုင်ယာလော့က အဆင်တန်ဆာပဲ ဆိုတာ ကျနော်လက်မခံဘူး။ ဒါ အညံ့ခံတဲ့လိုင်းပဲ။ ရှင်းရှင်းပြောရင် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုလို့ရတယ်။ အနည်းဆုံးတော့ ခင်ဗျားတို့ ဒါတွေခဏ ဆိုင်းထားပါဦး။

တွေ့ဖြစ်အောင်တွေ့ရမယ်။ လမ်းပိတ်တာတွေ မပိတ်နဲ့ဗျာလို့ ပြောလို့ရရမယ်။ ဒါတွေပြင်ပါလို့ ဘာဖြစ်လို့ မပြောနိုင်ရမှာလဲ ။ပြီး ပြီးရော သွားလို့မရဘူး။ ကျနော်က အဲလိုပဲ ယူဆတယ်။

မေး။ ။ ဟုတ်ကဲ့ ဆရာ၊ နောက်မေးခွန်းတခုက ဆရာ အခုအနေနဲ့ ဆရာ့ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့သာ တွေ့ခွင့်ရ မယ်ဆိုရင်၊ ဆရာ ဒေါ်အောင်ဆန်းစုကြည်ကို ဘာတွေများ အကြံဉာဏ်ပေးနိုင်မလဲ၊ ဆရာ ဘာတွေ ပြောမလဲ ဆရာ။

ဖြေ။ ။ အမှန်တိုင်းပြောရရင် ဒေါ်အောင်ဆန်းစုကြည်က ခေါင်းဆောင်ပဲဗျ။ ကျနော်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို လည်း ခံယူတယ်။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးအားဖြင့်ရော၊ စိတ်ဓာတ် အားဖြင့်ရော စွန့်လွှတ်မှု၊ အနစ်နာခံမှု အားလုံးက ကျနော်တို့ထက် အများကြီးကို စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်။ အခုမှမဟုတ်ဘူး၊ ဟိုတုန်းက လည်း ယူဆတယ်။
ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထက်မြက်မှု၊ စိတ်ဓာတ် ခိုင်မာမှု၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ Commit ဖြစ်မှု စွဲမြဲမှု ဒါတွေ ကျနော် အကုန်လုံး လက်ခံခဲ့တယ်။

ကျနော် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ရင် ခင်ဗျားစိတ်ကူး ဘာတွေရှိသလဲ။ အဲဒါတွေ ကျနော်ဘာလုပ်ပေးနိုင်မလဲ။ ဒီမေးခွန်းပဲ ကျနော် မေးမယ်။ ဒေါ်အောင်ဆန်းစုကြည်မှာ ရှိပြီးသားဖြစ်တယ်လို့ ကျနော်ယုံတယ်၊ ဒါ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုနဲ့ ပြောနေတာမဟုတ်ဘူး၊ ကျနော် ဘာပြောမလဲဆိုရင် ဒေါ်အောင်ဆန်းစုကြည် ခင်ဗျားဘာအကြံရပြီလဲ။ ခင်ဗျားဘာတွေများတွေးပြီးပြီလဲ၊ ခင်ဗျားဘာတွေများ မြင်ပြီးပြီလဲ။ ဘာတွေများလုပ်ဖို့ ကျန်သေးလဲ။ ကောင်းပြီအဲဒါဆိုရင် ကျနော်လုပ်နိုင်တဲ့ဟာတွေ သုံ့ညပဲဖြစ်ဖြစ် သုညထက်နည်းနည်းကျော်တဲ့ ၁ ပဲ ဖြစ်ဖြစ်၊ ဒါတွေကျနော်လုပ်ပေးမယ်။ ကျနော်လုပ်နိုင်တဲ့ဘက်က ဂင်လုပ်ပေးမယ်။

ကျနော် နိုင်ငံရေးလုပ်တာ ၉ လ ပဲ ကြာတယ်၊ အခုထောင်ထဲမှာ ၁၉ နှစ်နေလာရတာ၊ အဲဒီတော့ နိုင်ငံရေးမှာ မအူမလယ် ဆိုတာ ထင်ရှားနေတာပဲ၊ ကျနော်က အလုပ်လုပ်တာ၊ ကျနော့်ကို အမျိုးမျိုးပြောကြတာပဲ၊ ဒေါ်အောင်ဆန်းစုကြည်ကို အကြံပေးနိုင်တယ်တို့ ဘာတို့၊ အဲဒါတွေကို ကျနော်ငြင်းတယ်၊ ကျနော့်ကိုယ် ကျနော် နှိမ်ပြီးပြောတာလည်း မဟုတ်ဘူး၊ ဒေါ်အောင်ဆန်းစုကြည်က ထူးထူးချွန်ချွန်ကို တော်တယ်လို့ ကျနော်ယူဆတယ်၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းထဲက ထွက်လာတဲ့ အကြံဉာဏ်တွေဟာ ပြင်စရာ မရှိလောက်အောင် ကို ကောင်းတယ်၊ အဲဒါတွေကို အကောင်အထည်ဖော်တဲ့ နေရာမှာ ကျနော် အချိန်ပြည့်လုပ်တယ်၊ ဒါပဲ။ ကျနော်က တယောက်တည်း သမားဆိုတော့ သူများထက်ပိုအလုပ်လုပ်နိုင် တယ်၊ အရင်ကတည်း က တနေ့ကို ၁၅ နာရီ ၁၆ နာရီ အလုပ်လုပ်တာ၊ ကြေးမုံသတင်းစာ လုပ်တုန်းကလည်း ဒီလိုပဲ။

မေး။ ။ နောက်တခုက ဝေဖန်ရေးလုပ်တဲ့ သူတွေက ဒေါ်အောင်ဆန်းစုကြည်မရှိရင် အန်အယ်လ်ဒီက သေသွားပြီတို့ ဘာတို့ပြောကြတာရှိတယ်၊ အခုဟာကလည်း ဒေါ်အောင်ဆန်းစုကြည် အိမ်အကျယ်ချုပ်နဲ့ နေရတဲ့ အတွင်းမှာ တချို့ ဝေဖန်ရေးလုပ်တဲ့လူတွေက ပြောတာပေါ့၊ နိုင်ငံရေးအပြောင်းအလဲ ဖြစ်အောင် လက် ရှိ အန်အယ်လ်ဒီရဲ့ ဦးဆောင်မှုက အားပျော့တယ်တို့ ဝေဖန်နေသလို၊ နိုင်ငံရေး အပြောင်းအလဲကို အန်အယ်လ်ဒီ က လုပ်မပေးနိုင်ဘူးလို့ စွပ်စွဲတဲ့ လူတွေ လည်း ရှိတယ်၊ အဲဒါ အခု လက်ရှိ အန်အယ်လ်ဒီ ဦးဆောင်မှုအပိုင်းကိုရော ဆရာ ဘယ်လို သုံးသပ်ပါသလဲ။

ဖြေ။ ။ ခင်ဗျားမေးခွန်းက ၂ ပိုင်းဗျာ၊ စိတ်ဝင်စားစရာကောင်းလို့ ကျနော် ပထမပိုင်းကို အရင်ပြောချင်တယ်၊
ဒေါ်အောင်ဆန်းစုကြည်က ရှင်းရှင်းပြောရင် သူဟာ အလွန်တော်တဲ့ပုဂ္ဂိုလ်၊ အလွန်ချီးကျူးစရာကောင်းတဲ့ ပုဂ္ဂိုလ် ဆိုတာမှန်တယ်။ သို့သော် အဖွဲ့အစည်းတခုက ဒေါ်အောင်ဆန်းစုကြည်မရှိရင်လည်း ဖြစ်ရမှာပဲဗျ။ ဆိုလိုတာက ဒေါ်အောင်ဆန်းစုကြည် မပါလည်း ဖြစ်နေမယ်လို့ပြောတာဟာ ဒေါ်အောင်ဆန်းစုကြည် အရေးမပါဘူးလို့ ပြောတာ မဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည် ဆိုသော ခေါင်းဆောင်တယောက်ဆိုတဲ့ဟာက မပျောက်ဘူးဗျ။

ဗိုလ်ချုပ် အောင်ဆန်းဗျာ သေသွားတယ်၊ သတ်ပစ်လို့သေသွားတယ်ဗျာ၊ အောင်ဆန်း Spirit ဆိုတာက ကျန်တဲ့အခါကြ တော့ ဖဆပလ က အများကြီး ဆက်ပြီးတော့ အစွန့် ရှည်နေတယ်၊ အောင်ဆန်းသေတာနဲ့ ဖဆပလ ပျက်သလား။ မပျက်ဘူးဗျ။ အလားတူဘဲ ဒေါ်အောင်ဆန်းစုကြည် သေတာနဲ့၊ ဒေါ်အောင်းဆန်း စုကြည် မရှိတာနဲ့ အန်အယ်လ်ဒီက ပျက်မယ်ဆိုတာ ကျနော် မယုံဘူး၊ အနည်းဆုံး အောင်ဆန်းစုကြည် Spirit ဆိုတဲ့ အောင်ဆန်းစုကြည် စိတ်ဓာတ်ဆိုတာ ရှင်သန်နေဦးမှာပါပဲ။ ဒေါ်အောင်ဆန်းစုကြည် သေသွားလို့ပဲ ဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည် မလုပ်လို့ဘဲ ဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနစ်နာခံတဲ့ဟာ စံနမူနာယူ စိတ်ဓာတ် အနေနဲ့ ကျန်နေမှာပဲ။

## ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ်

ဒီစိတ်ဓာတ်တွေက အန်အယ်လ်ဒီမှာ ကိန်းကောင်းနေတဲ့ကာလပတ်လုံး၊  ကိန်းအောင်းအောင် လုပ်နိုင်သမျှ ကာလပတ်လုံး ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသမီးတယောက်၊ လူ တယောက်အနေနဲ့ ရှိခြင်း၊ မရှိခြင်း၊ ရပ်တည်ခြင်း၊ မရပ်တည်ခြင်းနဲ့ သိပ်တော့မဆိုင်တော့ဘူး၊ အောင်ဆန်းစုကြည် စိတ်ဓာတ်ဆိုတဲ့ဟာကြီးက ရှိနေရင် အဖွဲ့အစည်းဟာ ရှင်သန်နိုင်မယ်လို့ ကျနော် ယူဆတယ်။

ဒုတိယအချက်က လက်ရှိခေါင်းဆောင်မှုနဲ့ပတ်သက်ပြီးတော့။ ဒါတွေက လူတွေပဲဗျ၊ လူတွေဘဲ၊ ဟုတ်လား။ ဥပမာ ကျနော့်ကို မနေ့တုန်းက မိတ်ဆွေတယောက်က သိပ်ပြီးတော့ emotional မဖြစ်ပါနဲ့တဲ့။ ဟုတ်ပါတယ်၊ ကျေးဇူးတင် ပါတယ်။ ဒါပေမယ့် ကျနော် emotional ဖြစ်တာမဟုတ်ဘူး၊ dynamism ကို ဖော်နေတာ။ ကျနော့်ကို ဒီလူကြီးက ဘာတွေ ပြောမှန်းလဲ မသိဘူးပေါ့၊ Out of date တွေ၊ ဒီလူကြီး နားမလည်တာတွေ အများကြီး ရှိတယ်။ မှန်တယ်၊ မရှိတာလည်း ဖြစ်နိုင်တယ်။

ကျနော်က အဲဒီလိုဟာတွေပါ ထည့်တွက်တယ်၊ ကျနော်က ဖြန့်ဖြူးနေတာ၊ အခု အင်တာဗျူးတာတွေ လုပ်နေတာ၊ ကျနော်အများကြီး သိတာပေါ့။ ကိုယ့်ကိုယ်ကိုယ်၊ ချို့ယွင်းချက်တွေ အများကြီး။ ကျနော် ထောင်ထဲမှာ အနှစ် (၂၀) လောက်နေလာတာ၊ စာလည်း မနေ့တနေ့ကမှ ဖတ်ရတာ၊ ရရာ ဖတ်ရတာ။ အဲတော့ အဲဒီဟာတွေကို ကျနော်က ဘာလို့ dynamic ဖြစ်အောင် ကျနော်လုပ်နေတာလဲ၊ နိုးကြားခြင်း၊ ထကြွခြင်း၊ တက်ကြွ ခြင်း၊ ရှင်သန်ခြင်း ဆိုတဲ့ dynamism ကိုဖြန့် နေတာ၊ dynamism မရှိရင် ကျနော်တို့ ဘာမှ လုပ်စရာ မရှိဘူးဗျာ။

ကျနော် ပြောလို့ ရတာပေါ့ဗျာ၊ တရားထိုင်ရဦးမယ်ဗျာ၊ ကျနော် စီးပွားရေးမကောင်းဘူးဗျာ၊  ပြောလို့ရတာပဲ၊ ဟုတ်လား။ ဘာလို့ သည်းခံပြီးတော့ ကျနော်ပြောနေလဲ၊ dynamism ကို ကျနော် ရှိချင်တယ်။ ကျနော် အခုဘယ်လောက်မှားတယ် မှန်တယ်ဆိုတာ ကျနော့်ဟာကျနော် နားထောင်ဖို့ အချိန်မရဘူး။ ကျနော် တမနက်လုံး စကားပြောနေတာ၊ တနေ့တုန်းကလည်း မနက်လင်း(၆)နာရီကတည်းက စပြောလိုက်တာ ညနေ(၄) နာရီမှာ ထောင်ကထွက်လာ၊ (၄) နာရီကစပြီးတော့ စကား ပြောလိုက်တာ ည (၁၁) နာရီ (၁၂) နာရီထိ၊ ဘာဖြစ်လို့ ကျနော်လုပ်နေတာလဲ။

ဒီဟာ dynamism ဖြန့် နေတာ။ ဒီထဲမှာ အညံ့တွေ၊ အဖျင်းတွေ၊ မဟုတ်တာတွေ ပါမယ်၊ ချော်တာတွေ ပါမယ်။ ကျနော့်ကို အပြစ်တင်ရင် ကျနော် ခံမယ်၊ ကိစ္စမရှိဘူး။ ဒါပေမယ့် dynamism တော့ အပြစ်မမြင်နဲ့၊ အဲဒီ dynamism တော့ ပေါ်စေချင် တယ်။ ဒါက လူနော်။

အလားတူပဲ လက်ရှိ ရှိနေတဲ့ အန်အယ်လ်ဒီ ခေါင်းဆောင်များဟာဆိုလို့ရှိရင် သူတို့လုပ်နိုင်တာ သူတို့လုပ်နေတာပဲလို့ ကျနော်ထင်တယ်။ သူတို့ dynamism  လျော့ရင် လျော့ မယ်၊ နည်းနည်းလေး လျော့မယ်၊ သဘောက နည်းနည်းလေး တွန်းပေးရမယ်။ သူတို့မှာ နည်းနည်းလေး ချော်တာ ရှိမယ်၊ ဖြောင့်ပေးရမယ်။ ဟုတ်လား။ ဒီခေါင်းဆောင်မှုတခုကို အကြောင်းရာ တခုအပေါ်မှာ အခြေအနေ တခုအပေါ်မှာ အတိမ်းအစောင်းရှိတာတောင် ဘယ့်နှယ် သည်းညည်းမခံနိုင်လို့ မရဘူး။ ဒီခေါင်းဆောင်မှုကို ကျနော်တို့ ပြင်ရမှာပဲ၊ မှားရင် ဝေဖန်ရမှာပဲ၊ ဒါ အဖွဲ့အစည်းပဲ။ အဖွဲ့အစည်းထဲမှာ ပြောရမယ်၊ အဖွဲ့အစည်းထဲမှာ ဆွေးနွေးရမယ်၊ ဒါပဲဗျ။ အဲတော့ ခေါင်းဆောင်မှုနဲ့ ပတ်သက်ပြီးတော့ ပြောရမယ်၊ မရှုတ်ချချင်ဘူး။ ဘာဂင်မကျတာတွေရှိတာ ပြောမယ်၊ ပွဲပြင်ကြမယ်၊ ထိန်းကျောင်းကြမယ်၊ ဂန်းရံ ကြမယ်၊ ပိုင်းဂန်းကြမယ်။ ဒါကို ကျနော် လုပ်ချင်တာ၊ မှားတာ မှန်တာတော့ မသိဘူး။ ဆိုတော့ ဒီခေါင်းဆောင်မှုဘက်ကနေ လိုက်တာလည်း မရှိဘူး၊ ရှုတ်ချတာလည်း မရှိဘူး။ ခေါင်းဆောင်မှု ကလည်း သူတို့ လုပ်နိုင်သမျှ လုပ်နေတာပဲ၊ မှန်နိုင်သမျှလည်း မှန်နေတာလည်း ရှိပါတယ်။ မှားတာရှိရင် ပြင်ကြမယ်။ ကျနော်တို့ကို  ဆက်ခံမဲ့အင်အားတွေ ဘယ်လို တိုးချဲ့မလဲ။ ဒါကို ကျနော်တို့ သိကြရမယ်၊ ကျနော် အဲဒီလိုပဲ သဘောထားပါတယ်၊

**မေး။** ။ အခု ဆရာ (၁၉) နှစ်ကြာ အပြင်လောကနဲ့ အဆက်အသွယ်ပြတ်နေပြီးတော့  အခုလိုမျိုး ပြန်အဆက် အသွယ် ရတဲ့အခါကျတော့ ဆရာ့ အနေနဲ့ ဘာတွေလုပ်ဖို့ အစီအစဉ်တွေ ရှိပါသလဲ ဆရာ၊

**ဖြေ။** ။ ကျနော်  ဒီမိုကရေစီနိုင်ငံရေးကို လုပ်မယ်။ ကျနော် အခု အသက်(၇၉ )နှစ်ရှိပြီ၊ အမှန်အတိုင်းက သိပ်ပြီးနိုင်ငံရေးကို ကျနော် ကျွမ်းကျွမ်းကျင်ကျင် ရှိတာမဟုတ်ဘူး။ ကျနော် နိုင်ငံရေး လုပ်ဖူးတာ ကိုးလ လောက်ဘဲ လုပ်ဖူးတာ၊ ထောင်ထဲက အတွေ့အကြုံကို နိုင်ငံရေးလို့တွက်ရင်တော့ သိပ်ကြာတာပေါ့ဗျာ။ ထောင်ထဲမှာလည်း ကျနော်တယောက်တည်းလို နေရတဲ့အခါကျတော့ ဆွေးနွေးခြင်း၊ ပြောဆိုခြင်း၊ ညှိနှိုင်းခြင်း၊ ငြင်းခုံခြင်း၊ ရည်မှန်းချက်ချခြင်းတွေ သိပ်ကို မလုပ်နိုင်ဘူး။ တယောက်တည်း ဖြစ်နေတာ၊ အဲဒီအတွက် ကျနော်ရဲ့ နိုင်ငံရေး အတွေ့အကြုံက အများကြီးနည်းပါတယ်။ သို့သော် ကျနော့်မှာ အကြောင်းတွေအများကြီး ရှိပါတယ်၊ အကြောင်းတွေ အများကြီးရှိတယ်ဆိုတာ အန်အယ်လ်ဒီကို  စတင်တည်ထောင်သူများထဲမှာ ကျနော် တယောက် အပါအဝင် ဖြစ်တယ်။ အဲဒီလိုဖြစ်နေတဲ့ အခါကျတော့ အန်အယ်လ်ဒီ ဘယ်လိုပဲ ဖြစ်နေပါစေ၊ စစ်မှန်တဲ့ ဒီမိုကရေစီ လှုပ်ရှားမှုအတွက် ဦးတည်တဲ့အတွက် အဲဒီဘက်ကနေ ရပ်ခြင်း

အားဖြင့် ဒါ ကျနော် ဆက်ပြီးတော့ နိုင်ငံရေးကိုလုပ်လို့ရမယ်လို့ ယူဆတယ်၊ လုပ်ဖို့လိုတယ်။ အဲဒါကြောင့် ကျနော် ဒီမိုကရေစီ နိုင်ငံရေးကို ဆက်ပြီးတော့ လုပ်မယ်လို့ ပြောချင်ပါတယ်၊ ဒါ အတိုဆုံး ပြောတာပါ။

မေး။ ။ နောက်ဆုံးမေးခွန်း ဆရာရယ်၊ အခုလိုမျိုး ဆရာ့လွတ်မြောက်ရေး လုပ်ရှားတဲ့ လူတွေ၊ မိတ်ဆွေတွေ၊ နောက်ပြီး မြန်မာ့အရေး ဆောင်ရွက်နေကြတဲ့ လူတွေအတွက်ကို ဆရာက ဧရာဝတီကနေ တဆင့် ဘာများ ပြောစရာ ရှိပါသလဲ။

ဖြေ။ ။ သိပ်ကျေးဇူးတင်တယ်၊ သိပ်အားတက်တယ်ဗျာ၊ သိပ်အဖိုးတန်တယ်လို့ပြောစရာမှ တခြားမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိပ်ကျေးဇူးတင်တယ်ဆိုတာက ကျနော်တို့ထောင်ထဲမှာနေရတော့ စားရေး၊ သောက်ရေး၊ မိဘနဲ့မတွေ့တာ၊ ဆွေမျိုးနဲ့မတွေ့တာ၊ မိသားစုနဲ့မတွေ့တာ၊ အချင်းချင်းနဲ့မတွေ့တာကအစ အကုန်လုံး အခက်ခဲတွေအများကြီးရှိတယ်။ အဲဒီလိုအခြေအနေမျိုးမှာ တယောက်ယောက်ကနေပြီးတော့ အားပေးတယ်၊ ဂိုင်းဝန်းတယ်၊ ဝန်းရံတယ်၊ ပံ့ပိုးတယ် ဆိုတဲ့ အခါကြတော့ ကျနော် သိပ်ကျေးဇူးတင်တယ်၊ ဒါပြောစရာမလိုဘူး၊ ကျနော်တင် မဟုတ်ဘူး၊ အားလုံးကနေပြီးတော့ ဒါ ကျေးဇူးတင်ကြမှာ၊ ဒါကို ကျေးဇူးတင်တယ်လို့ ကျနော် ပြောတာပါ။

နောက်ပြီးတော့ ဒါတွေအတွက် ကျနော် သိပ်ပြီးတော့ အားတက်တယ်။ သိပ်အားတက်တယ်လို့ ပြောချင်တဲ့ အကြောင်းက ဘာဖြစ်လို့လဲဆိုတော့ ရှင်းရှင်းလေးပြောရရင် နိုင်ငံရေးတို့ ဘာတို့လုပ်တယ်ဆိုတာ အားတက်မှုနဲ့လုပ်ရတာ။အားတက်မှု မရှိဘဲနဲ့ စာအုပ်ကြီးနဲ့ ထိုင်ပြီးတော့ စာအုပ်နဲ့စဉ်းစားပြီးတော့ စာအုပ်ကြီး လမ်းစဉ်နဲ့ဘဲ လုပ်နေရင် မရဘူးဗျ။ အားတက်မှုနဲ့ စုစည်းရတာ၊ အားတက်မှုနဲ့ လှုပ်ရှားရတာ၊ အားတက်မှု နဲ့ ထကြွရတာပဲ။ အဲဒါကြောင့် ကျနော် အားတက်တယ်၊ ကျနော်တို့ ထောင်ထဲမှာပဲ နေနေ၊ အပြင်မှာ နေနေ၊ အဲဒါ ဂိုင်းဝန်းတဲ့ အလေ့ကို ပြတာ၊ ဂိုင်းဝန်းတယ်ဆိုတာ ပြည်တွင်းရော၊ ပြည်ပရောပေါ့ဗျာ။ ဒီလူတွေဂိုင်းဝန်းကြလို့ ဒီလူတွေအားပေးကြလို့ ကျနော်တို့ တတွေက ထကြွနေတယ်။ လုပ်ရှားနေမယ်၊ တက်ကြွနေမယ်၊ နိုးကြားနေမယ်၊ အဲဒါကြောင့် ကျနော်တို့က သိပ်ပြီးတော့ အားရပါတယ် ဆိုတဲ့ဟာကို ကျနော်ပြောချင်ပါတယ်။

နောက်တခုပြောချင်တာက သေဆုံးသွားတဲ့ပုဂ္ဂိုလ်တွေ၊ မလုပ်တော့တဲ့ပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးနဲ့ ကွာသွားတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ အဲဒီလူတွေလုပ်ခဲ့တာ မနည်းဘူး။ ဥပမာ ဆိုလို့ရှိရင် ကျနော်တို့ အန်အယ်လ်ဒီက ခေါင်းဆောင်တွေ၊ စာရေးဆရာ မောင်သော်က တို့ ၊ ဦးတင်မောင်ဝင်းတို့၊ ဦးတင်ရွှေတို့။ နောက် အခြားသောပါတီက ဦးခင်မောင်မြင့်တို့ စတဲ့ပုဂ္ဂိုလ်တွေ။ ဒီလူတွေ အကုန်လုံးက ထောင်ထဲမှာ သေကြ ရ တယ်၊ သေသွားတယ်။ နောက်တမျိုးက ထောင်ထဲ ကြောင့်၊ ထောင်ထဲမှာ အမျိုးမျိုး အအိပ်ပျက်၊ အစားပျက်၊ စီးပွားပျက်၊ လုပ်ငန်းပျက်၊ အကုန်လုံး ဘဝပျက်သွားတဲ့ လူတွေကို အများကြီးရှိတယ်။ ကျနော့်ကိုဆိုရင် အခုဂိုင်းဝန်းပြီးတော့ ဟိုကမေး၊ ဒီကမေး ဘာညာလုပ်နေတယ်။ ကျနော်တို့ထက် အများကြီး စွန့်လွှတ်ပြီးတော့ အများကြီးအနစ်နာခံပြီးတော့ လုပ်သွားတဲ့ လူတွေ အများကြီး ရှိတယ်။ အဲဒီပုဂ္ဂိုလ်များရဲ့ ကျေးဇူးဟာလည်း ကျနော်တို့မှာ အများကြီး ရှိသေးတယ်။ ကျနော် ပြောချင်ပါတယ်၊ ဒါကိုလည်း ကျနော်မေ့လို့ မရဘူး။ ကျနော်တို့က လက်ရှိ ရှိနေတဲ့သူတွေကို ကျေးဇူးတင်သလို ဒီလူတွေရဲ့ ကျေးဇူးကိုလည်း မမေ့ဖို့ သိပ်လိုပါတယ်။

ဒ့ါအပြင် အပြင်မှာ အကြောင်းကြောင်းကြောင့် မလုပ်နိုင်တဲ့ ဘေးရောက်နေတဲ့ သူတွေ ရှိပါတယ်။ ဒီပုဂ္ဂိုလ်များရဲ့လုပ်ကိုင် ခဲ့တာတွေကိုလည်း ကျနော်တို့က အသိအမှတ် ပြုရလိမ့်မယ်၊ ဒီလို ပုဂ္ဂိုလ်များရဲ့ စွန့်လွှတ်မှုတွေကိုလည်း ကျနော်တို့ နားလည်ရလိမ့်မယ်၊ တန်ဖိုးထားရလိမ့်မယ်လို့ ကျနော် ပြောချင်ပါတယ်။


အဲဒါကို ကျနော် အပိုင်းချုံ့လိုက်ရင် နှစ်ပိုင်းပြောချင်ပါတယ်၊ တပိုင်းက ဘာလဲဆိုတော့ ပြည်တွင်းရော၊ ပြည်ပရော ကျနော်တို့ကို ဝန်းရံတဲ့ သူတွေ၊ ပုဂ္ဂိုလ်တွေအတွက် ကျနော်တို့မှာ အများကြီး ကျေးဇူး ရှိပါတယ်။ အများကြီး လည်း ကျနော်တို့ကို အားပေးရာ ရောက်ပါတယ်။ အလားတူပဲ ကျနော်တို့ဟာ နှစ်ပေါင်း ၂ဝ ကာလ အတွင်း မှာ အများကြီး စွန့်လွှတ်ခဲ့တဲ့လူတွေ၊ ဘဝပျက်ခဲ့တဲ့ လူတွေ ၊ သေခဲ့တဲ့ လူတွေ၊ ကြေခဲ့တဲ့လူတွေ၊ အဲဒီလူတွေ အားလုံးကို ကျနော်တို့ မမေ့ဖို့နဲ့ ဒီလူတွေကို ကျနော်တို့ အမြဲတမ်း တန်ဖိုးထားနေဖို့ ဒီလူတွေရဲ့ စွမ်းဆောင်မှုတွေ၊ လုပ်ဆောင်မှုတွေကို ကျနော်တို့ အမြဲတမ်း ပြန်ဖေါ်ထုတ်ဖို့၊ သတိရဖို့ လိုတယ်လို့ ကျနော် ပြောချင်ပါတယ်၊ အဲဒါပါပဲ။ ။

*******************

## သတင်းစာဆရာကြီး ဦးဝင်းတင်၏ ထောင်တွင်းအတွေ့အကြုံများနှင့် ပတ်သက်ပြီး ခေတ်ပြိုင်သတင်းထောက် ပီတာအောင်၏ ဆက်သွယ်မေးမြန်းချက် (၂၄-၉-၀၈)။ ။

*[ သတင်း စာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်သည် ၁၉၅၃ ခုနှစ် (၂၃) နှစ်အရွယ်တွင် အင်္ဂလိပ်စာပေ၊ ခေတ်သစ်ရာဇဝင်နှင့် နိုင်ငံရေး သိပ္ပံဘာသာတွဲဖြင့် ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဖြင့် ဘွဲ့ရခဲ့သည်။ အသက် (၃၁) နှစ်အရွယ် ၁၉၄၃ ခုနှစ်တွင် "အကျိုးဆောင်" ဂျာနယ်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသည်။ စာပေဗိမာန်၌လည်း လက်ထောက် အယ်ဒီတာအဖြစ် ၁၉၅၀ မှ ၁၉၅၄ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သေးသည်။ ၁၉၅၄ မှ ၁၉၅၇ ခုနှစ်ထိ နယ်သာလန် (ဟော်လန်) နိုင်ငံ၊ အမ်စတာဒမ်မြို့၊ ဂျမ်ဘာတန် (Jambarton) စာအုပ်ထုတ်ဝေရေး ကုမ္ပဏီတွင် စာအုပ်ထုတ်ဝေမှုပညာနှင့် စာနယ်ဇင်းပညာဆည်းပူးခွင့် ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ် ကြေးမုံသတင်းစာ စတင်ထူထောင်စဉ်က လည်း ကြေးမုံဦးသောင်း (အောင်ဗလ) နှင့် အတူ ပါဝင်ခဲ့ပြီး ကြေးမုံသတင်းစာ ဦးစီးအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ကြေးမုံသတင်းစာ ချုပ်ပိတ်ခံရပြီးနောက် ၁၉၆၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်ထိ မန္တလေး "ဟံသာဝတီသတင်းစာ" အယ်ဒီတာချုပ် ဖြစ်ခဲ့သည်။ (ဆရာဇင်လင်း၏ ဆောင်းပါးမှ ကောက်နုတ်ချက်)]*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သူဖြစ်ပြီး ၁၉၈၉ ခု ဇူလိုင်(၄)ရက်မှ ၂၀၀၈ ခု စက်တင်ဘာ (၂၃) ရက်အထိ အင်းစိန်ထောင်၌ (၁၉) နှစ်ကျော် အကျဉ်းကျ ခံခဲ့ရသည်။ ဦးဝင်းတင်သည် အာဏာရှင်စစ်အစိုးရကို နလုံးရည်ဖြင့် ဆန့်ကျင်တိုက်ပွဲဝင်ရာတွင် နာမည်ကြီးပြီး ဦးဝင်းတင်ရေးသားခဲ့သည့် "အများပြည်သူ၊ သဘောမတူတဲ့၊ အမိန့်အာဏာဟူသမျှ၊ တာဝန်အရ ဖီဆန်ကြ" ဟူသောဆောင်ပုဒ်မှာ လူသိများသည်။ ဆရာဦးဝင်းတင်အား အနှစ် ၂၀ နီးပါးနေခဲ့ရသည့် ထောင်တွင်းကာလများ ကို မည်သည့် ယုံကြည်ချက်များဖြင့် ဖြတ်သန်းခဲ့ကြောင်း ခေတ်ပြိုင်သတင်းထောက် ပီတာအောင်က မေးမြန်းရာ ဆရာဦးဝင်းတင်က ယခုကဲ့သို့ စတင်ဖြေကြားသည်။)


Photo- AP

ဖြေ- အခြေခံကတော့ ကျနော် နိုင်ငံရေးသမား တယောက်လို နေခဲ့တယ်ဗျ။ ဘာလို့ နိုင်ငံရေးသမားလို နေလဲဆိုရင် ကျနော်ထောင်ထဲရောက်တာက ကျနော်က သတင်းစာဆရာ ဖြစ်သော်ငြားလည်း နိုင်ငံရေးနဲ့ပတ်သက်ပြီး ရောက်တာဖြစ်နေတာကို။ ဟိုမှာ တွေ့တာလည်း နိုင်ငံရေးသမားတွေနဲ့ပဲ တွေ့တဲ့အခါကျတော့။ အမြဲတမ်းကျနော် သတိထားတာက နိုင်ငံရေးပဲဗျ။ နိုင်ငံရေးမှာ ကျနော် ဘာနဲ့နေလဲ ဆိုတော့ 'စုလွှတ်၊ တွေ့' ဆိုတဲ့ မူကို ကျနော်တို့က ကိုင်လုပ်တယ်ဗျ။ စုလွှတ်၊တွေ့ ဆိုတာ ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ရေး၊ လွှတ်တော် ခေါ်ယူကျင်းပရေး၊ နောက်ပြီးတော့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရေး အဲဒီ(၃)ချက်ကိုကျနော်ကကိုင်တယ်။ ဒါက ရပ်တည်ချက်ပေ့ါဗျာ။ နောက် ကြွေးကြော်ချက်က ဘာလဲဆိုရင် ဒေါ်စုရဲ့ခေါင်းဆောင်မှုကို ဝန်းရံကြ၊ လွှတ်တော်ကို ဝန်းရံကြ။ အန်အယ်လ်ဒီကို ဝန်းရံကြဆိုတဲ့ ဝန်းရံရေး (၃) ပါးနဲ့ ကျနော်က တိုက်နေတယ်။ ကျနော်ကတော့ အဲဒီ ကြွေးကြော်သံ (၃) ရပ်နဲ့ပဲလုပ်တယ်။ ဘာလို့လဲ ဆိုတော့ သိပ်များများကြီး စဉ်းစားမနေဘူး။ အများကြီးဆို ဝေးသွားမှာဆိုးတယ်။ ကျနော်က ဒီအခြေခံ (၃) ရပ်ကိုကိုင်ပြီးတော့ ဒါကိုမှ အနေနဲ့ကိုင်ပြီး ဒီကနေ သိပ်မရွေ့အောင်လုပ်တာ။

ဒီနေ့ထိ ထွက်ခါနီး နောက်ဆုံးပိတ်အထိ မနက် (၆) ခွဲကနေ ကျနော့်ကို လွှတ်ဖို့လာခေါ်တာ ညနေ (၄) နာရီမှ ထွက်ဖြစ်တယ်။ ဘာလို့လဲဆိုတော့ ကျနော်က (၄၀၁) ကို လက်မခံဘူး။ အိုနာကျိုးကန်းစီမံချက်လို့ ကျနော်ပြောတဲ့ ကျန်းမာရေးအကြောင်းပြချက်၊ အသက်ကြီးတာအကြောင်းပြချက်၊ ဒါတွေကို ကျနော်လက်မခံဘူး။ အဲဒါတွေငြင်းရပြီး နောက်ဆုံးပိတ်ကျတော့ ထောင်ကအဝတ်အစားနဲ့ပဲ ကျနော် ထွက်လာခဲ့တာ။

ပစ္စည်းလည်း ကျနော်မယူဘူး ဘာညာဆိုတော့ သူတို့တွေ အကုန်လုံး ထုပ်ပိုးပြီးတော့ လာပြီးတော့ ပစ္စည်းတွေ ဘာတွေ လာပို့သွား

တယ်။ လက်မှတ်မထိုးတာက ဒီနှစ် ကျနော် ဆေးရုံတက်နေတုန်းအချိန်တုန်းကလည်း ကျနော့်ကို လာပြီးတော့ လက်မှတ်ထိုးခိုင်းဖူးတယ်။ ကျနော်ငြင်းခဲ့ဖူးတယ်။ ဒါတင်မဟုတ်ဘူး ၁၉၉၀ တုန်းက ကျနော့်ကို ထောက်လှမ်းရေးက ကျနော် ထောင်ထဲကိုဝင်ပြီး တနှစ်ကျော်ကျော်လေးရှိသေးတယ် ကျနော့်ကို လက်မှတ်လာထိုးခိုင်းတယ်။ အဲဒီတုန်းကတည်းက ငြင်းခဲ့တဲ့ဟာ။ ဒါကျနော်လုံးဝ လက်မခံတဲ့ဟာ။ တောင်းဆိုချက်ကတော့ စုလွှတ်တွေ့ထဲမှာပါတဲ့ ဒေါ်စုနဲ့တကွနိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေး။ ဒါပဲ။ ဒါနဲ့ ရပ်တည်ခဲ့တာ ဒီလိုနဲ့ပဲ ကျနော်အနှစ် (၂၀) ကြာခဲ့တာ။

မေး- အကျဉ်းထောင်ထဲမှာ မစ္စတာပီညဲရိုးတို့လို ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ်တွေ လာရောက် တွေ့ဆုံမှုဟာ နိုင်ငံရေးအကျဉ်းသားတွေအတွက် ဘယ်လို အကျိုးရလဒ်မျိုးတွေ ဖြစ်စေခဲ့ပါသလဲ။

ဖြေ- သူတို့နဲ့ပတ်သက်ပြီးတော့ အမျိုးစုံပြောကြတာပေါ့ဗျာ။ ပြောတာတော့ မှားတယ်မှန်တယ် ကျနော်ဝင် မပြောချင်ဘူး။ ဒါနိုင်ငံတခုလုံးမှာရှိတဲ့ လူ့အခွင့်အရေးကိစ္စတွေကို သူတို့လုပ်ကိုင်ဆောင်ရွက်မှု ဘယ်လောက် အထိ ထိရောက်တယ်၊ မထိရောက်တယ် အပေါ်မှာမူတည်ပြီးတော့ သူတို့ဘာသူတို့ ဝေဖန်ကြတယ်၊ ချီးမွမ်းကြတယ်။ ထောင်ထဲမှာတော့ မစ္စတာပီညဲရိုးတို့က အများကြီးလုပ်ပေးသွားနိုင်တယ်လို့တော့ ကျနော်ယူဆတယ်။ ဘာလို့ဆိုတော့ ထောင်ထဲမှာက ကျနော်တို့မှာ ထမင်းမစားရဘူး။ ထမင်းဂေါ်လေး တဂေါ်ပဲကြွေးတယ်။ ထမင်းတဂေါ်ထက် ပိုတောင်းရင် မပေးလို့ အလုပ်သမားတွေဗျာ၊ လယ်သမားတွေဗျာ၊ ထောင်ကျနေတဲ့ ရိုးရိုးတန်းတန်းလူတွေ အဲဒီလူတွေက ထမင်းမပေးလို့ထပ်ပြီး ထမင်းနည်းနည်းပေးပါဆို တုတ်နဲ့ရိုက်တယ်ဗျ။ ကျနော့်မျက်စိနဲ့မြင်တာ။ အဲဒါကြောင့် ၁၉၉၅ မှာ ကုလသမဂ္ဂကို စာရေးတဲ့အထဲမှာ ထမင်းဝအောင်ကြွေးဖို့ပါ တယ်။ အဲဒါကြောင့် အဲဒီကိစ္စကို ကျနော်တို့က အမြဲတမ်းတိုက်တယ်။ ထမင်းတော့ဝအောင်ကြွေးပါ ခင်ဗျားတို့ ဆိုပြီး။ ဆိုတော့ မစ္စတာပီညဲရိုးတို့ကလည်း အဲဒါကို တော်တော်လေး တွန်းတယ်။ တွန်းတော့ ၂၀၀၂ ခု ၂၀၀၃ ခုနှစ်လောက်ကြတော့ ထောင်ထဲမှာ ဘာရေးထားလဲဆိုတော့ နံရံမှာ စာရေးထားတယ်။ ပုံစံမလို အဝစားဆိုတဲ့ဟာ။ အဲဒါ ကျနော်တို့တိုက်တာ ၁၉၉၅ မှာတိုက်တာ။ ၂၀၀၃ ခုနှစ် (၇) နှစ် (၈) နှစ် လောက်ကြာတဲ့ အခါမှာ ဒီတောင်းဆိုချက်ကရတယ်ဗျ။

အခုကျနော်ထောင်ထဲက ထွက်လာတဲ့အခါကျတော့ အဲဒါနံရံမှာရေးထားတော့ ကျနော်ကားပေါ်က နေကြည့်ပြီးတော့ ကျနော်နဲ့ပါလာတဲ့ အရာရှိတွေကိုပြသေးတယ်။ အဲတော့ ခင်ဗျားတို့ ထောင်ထဲမှာနေတုန်းမှာ ဘာများအသုံးကျခဲ့သလဲလို့ ကျနော့်ကိုမေးရင် ဒီတိုက်ပွဲမှာ ကျနော်ပါခဲ့တယ်၊ ထမင်းဝအောင်ကြွေးဖို့ နံရံမှာတောင်ရေးထားရတယ်။ အဲဒါက မစ္စတာပီညဲရိုးက အများကြီးပါခဲ့တယ်။ ကျနော်တို့ရဲ့ တိုက်ပွဲကို အများကြီးကူခဲ့တယ်။ အဲဒါကြောင့် ထမင်းဝအောင်စားရတဲ့အထဲမှာ မစ္စတာပီညဲရိုးတို့ လုပ်ရပ်တွေပါတယ်။

မေး- ၂၀၀၅ ခုနှစ် ဇွန်လမှာ ဆရာကြီးကို ထောင်အာဏာပိုင်တွေက ပြန်လွှတ်ပေးမယ်ဆိုပြီး ထောင်ဘူးဝထိ ထုတ်ပြီးကာမှ ပြန်ပြီးအကျဉ်းချထားခဲ့တာ ဘာကြောင့်ပါလဲ။ ရှင်းပြပေးစေချင်ပါတယ်။

ဖြေ- ဒီလိုရှိတယ်ဗျ။ ကျနော့်ကို သာမန်အားဖြင့်ဆိုရင် ထောင် အနှစ် (၂၀) ချထားလို့မရဘူးဗျ။ ထောင်က (၁)နှစ် ကို (၃) လလောက်လျော့ရက်ရတယ်ဗျ။ ကျနော်က အနှစ် (၂၀) ကျတော့ (၁၆) နှစ်ဆိုရင် သာမန်အားဖြင့် လွှတ်ရမယ်ဗျ။ အဲ့တော့ ကျနော့်ကိုလာပြီး ပစ္စည်းသိမ်းပါ လွှတ်ပေးမယ်ဆိုတော့ ကျနော်သံသယဖြစ်တယ်။ ကျနော်ပြောတယ် ဟုတ်မှဟုတ်ရဲ့လားဗျာ။ ဟုတ်ပါတယ်ဆိုတော့ ကျနော် ၏လိုက်သွားတယ်။ နှစ်စေ့လို့ လွှတ်တယ်လို့ ကျနော်ကထင်တာပေါ့ဗျာ။ ကျနော်က (၁၆) နှစ်ကိုဗျ။ (၁၆) နှစ်ဆိုတော့ ကျနော်လွတ်ပြီလေ။

အဲတော့ ကျနော်လိုက်သွားတယ်။ ဟိုရောက်တော့ လူ (၁၀၀) လောက်မှာ ကျနော်က နောက်နားမှာထိုင်နေတာ အတင်းခေါ်ပြီးတော့ ရှေ့ကိုတင်တယ်။ ကျနော်နာမည်လည်း ထုတ်ပြောတယ်။ ဆရာဦးဝင်းတင် ဘာညာပေါ့ဗျာ ဂျောက်ပြောတာပေါ့။ ညွှန်ချုပ်က သူလည်းဂမ်းသာအားရပြောတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ပြီးလဲပြီးရော ဘာလုပ်လဲဆိုတော့ လူ (၁၀) ယောက်နေခဲ့ပါတဲ့ ဂန်ကြီးက တွေ့ချင်လို့တဲ့ပြောတယ်။ အမျိုးသမီး (၂) ယောက်နဲ့ အမျိုးသား (၈) ယောက်။ အဲမှာ ကျနော်နဲ့ အမတ် (၁) ယောက်ပါတယ်။ ကျနော်တို့ကို ထမင်းကြွေးတယ်။ ပြီးလဲပြီးရော ကျနော့်ကို ထောင်ထဲပြန်သွင်းထားတယ်ဗျ။

အဲဒီအချိန်တုန်းကတော့ ကျနော် အခုထွက်သလို ကန့်ကွက်တာတွေ ဘာတွေမလုပ်ခဲ့ဘူး။ ကျနော်လွတ်ရက်စေ့ လို့ လွှတ်တာပဲလို့

ကျနော်ထင်လို့လိုက်တာတာ။ ဟိုလည်းကျရော မဟုတ်ဘူး ဂန်ကြီးနဲ့တွေ့မယ်ဆိုပြီး ဂန်ကြီးနဲ့လည်း မတွေ့ဘူး။ မတွေ့ဘဲနဲ့ ကျနော့်ကို ထောင်ထဲပြန်ထည့်ထားတာ။ အဲဒီတုန်းက သူတို့ ကလိမ်ကျတာ။ သို့မဟုတ်ရင်လည်း လူတွေကို စိတ်ဓာတ်အားဖြင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်တာပေါ့။

အဲဒါနဲ့ပတ်သက်ပြီး ညွှန်ချုပ်က ကျနော့်ဆီ လာပြီး ဒီလိုဖြစ်သွားတာနဲ့ပတ်သက်လို့ ဦးဂင်းတင် ဘယ်လို သဘောထားလဲတဲ့။ ကျနော်က ဘယ်လိုမှသဘောမထားဘူး၊ ခင်ဗျားတို့ ဒီအစိုးရ လိမ်နေတဲ့ဟာလို့ဘဲ ကျနော်သဘောထားတယ်လို့။ ကိစ္စမရှိပါဘူးလို့။ ဖဆပလခေတ်တုန်းက ပြည်ထဲရေးဂန်ကြီး ဗိုလ်ခင်မောင်လေး ကနေပြီး လူတွေကိုလွှတ်ဖို့ဆိုတာ နိုင်ငံရေးအဖွဲ့အစည်းကတောင်းဆိုလို့၊ ကက်ဘိနက်က တောင်းဆိုလို့ သူက ထောင်သားတွေကို ဘူးကိုလွှတ်တယ်၊ လွှတ်ဂရမ်းပေးတယ်။ ထောင်သားတွေက လက်မှတ် ထိုးပြီးတာနဲ့ တပြိုင်နက်တည်း ဖမ်းဂရမ်းကိုပြန်ပေးပြီး ထောင်ထဲပြန်သွင်းတယ်။ အဲဒါကို ကျနော်တို့ ၁၉၅၀ ကျော်ကျော် တုန်းကဆိုရင် သတင်းစာလောကမှာ ခင်မောင်လေး ကာလနာတိုက်တယ်လို့ခေါ်တယ်ဗျ။

အဲတော့ ကျနော်ကပြောတယ်။ ဟိုခေတ်ကတည်းက ခင်မောင်လေးကာလနာတိုက်တယ်ဆိုတဲ့စကားကခေတ် စားခဲ့တယ်။ အခုလည်း ကျနော့်ကိုဘယ်သူက ကာလနာတိုက်တယ်တော့မသိဘူး ကျနော်ထောင်ထဲပြန် ရောက်တယ်။ ဆိုတော့ ကျနော်ဘာသဘောထားမှမရှိပါဘူး။ ခင်ဗျားတို့ ကျနော့်ကို ထောင်ထဲမှာ တသက်လုံး ထားလည်း နေမှာပဲ။ ဒါပေမယ့် ကျနော်တသက်လုံးတိုက်နေမှာပဲ။ မူအရလည်းမလုပ်ဘူး၊ စည်းနဲ့ကမ်းနဲ့လည်း မလုပ်ဘူး။ ဥပဒေအရလည်းမလုပ်ဘူးလို့ ဒါ ကျနော်ညွှန်ချုပ်ကိုပြောတယ်။ ညွှန်ချုပ် အဲဒီတုန်းက ကျနော့်ကို လာတွေ့တယ်၊ ထောင်ကနေပြန်ပို့ပြီး နောက်တရက်ခြားမှာ။

ခုတခါကျတဲ့အခါကတော့ ဒီတခါလာထုတ်တဲ့အခါကျတော့ ကျနော်လက်ခံတော့ဘူး။ (၄၀၁) လည်း ကျနော်လက်မခံဘူး။ အိုနာကျိုးကန်း စီမံကိန်းလို့ခေါ်တဲ့ ကျန်းမာရေးတို့၊ အသက်ကြီးတာတို့၊ ကျနော် လက်မခံဘူး။ ကျနော်မလိုက်ဘူးဆိုပြီး (၆) နာရီခွဲကတည်းက စပြီး ကျနော်ငြင်းတာ ညနေ (၄) နာရီမှ ထွက်ရတယ်။ ကျနော်က ထောင်အဂတ်အစားပဲဂတ်ပြီးတော့ မချွတ်နိုင်ဘူးဆိုတော့ ထောင်ကဟာတဲ့ ထောင်ကပစ္စည်းဆို ခင်ဗျားတို့ ချွတ်ယူ ကျုပ်ကိုယ်တုံးလုံးနဲ့ထွက်မယ်ဆိုတော့။ ဟာအဲလိုလည်း မလုပ်ပါဘူးတဲ့။ ကျနော့်ပစ္စည်းလည်း ကျနော်မစစ်ဘူးဆိုတော့ ကျနော့်ပစ္စည်းတွေ သူတို့ ဘာသူတို့သိမ်းပြီး ကျနော့်ကို ပြန်ပို့ပေးတယ်။

မေး- အကျဉ်းထောင်တွင်းမှာနေတုန်းကာလမှာ နိုင်ငံရေး အကျဉ်းသားတယောက်အနေနဲ့ စာအုပ်စာ တမ်းဖတ်ရှုခွင့်အပါအဂင် အခြားရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေ ရရှိခဲ့ပါသလား။

ဖြေ- ရှိတယ်ဗျ။ ဟိုတုန်းက ကျနော်တို့ လူငယ်တွေပေါ့ဗျာ တောင်းဆိုချက် (၈) ချက်ရှိတယ်ဗျ။ ရေး၊ ဖတ်၊ ကျန်း ဘာ၊ အား၊ လည်၊ ထောင်ဂင်စာ၊ ချက်စား (၈) ချက် တောင်းတယ်။ အဲဒါလေးက ကျနော်တို့ထဲက မိုးဇော်ဦးဆို တာ ကဗျာလေးစပ်ပြီးတော့ အဲကဗျာလေးက ဖတ်ရလွယ်ပြီး မှတ်ရလွယ်နေတာပေါ့။ အဲဒီတုန်းကတည်းက စာရေးစာဖတ်ခွင့်တောင်းခဲ့တာဗျ။ ၁၉၉၀ ခုနှစ်လောက်ကတည်းက မရဘူးဗျ။ ၂၀၀၀ ခုနှစ်ကျော်မှ ကျနော်တို့ကို ဘာသာရေးစာအုပ်ဖတ်ခွင့်ပေးတယ် ၂၀၀၁ ခုလောက်မှာ၊ လွန်ခဲ့တဲ့ (၂) နှစ်လောက်ကတော့ ကျနော်တို့ကို စပြီး သတင်းစာပေးတယ် အစိုးရသတင်းစာ။ ပြီးခဲ့တဲ့ တနှစ်လောက်ကစပြီး ဂျာနယ်တွေ ဘာတွေဖတ်ရတယ်။ ကျနော်တို့ကတော့ စာပဲဖတ်နေရတာပေါ့။ ရွေးတော့မဖတ်နိုင်ဘူးပေါ့။ ရောက်တဲ့ဟာ ဖတ်ရတော့ပေါ့။

မေး- ထောင်ကပြန်လွတ်လာပြီဆိုတော့ ရှေ့ဆက် ဘဂကိုဘယ်လိုဖြတ်သန်းမလဲ။ အန်အယ်လ်ဒီပါတီမှာပြန်ပြီး တာဂန်ယူသွားမလား။ ဘယ်လိုဆက်လုပ်ဖို့ အစီအစဉ်ရှိပါသလဲ။

ဖြေ- အဲဒါနဲ့ပတ်သက်လို့ ကျနော်တိုတိုလေးပြောချင်တာက (၁) ကတော့ ဘာလဲဆိုရင် ကျနော်က နိုင်ငံရေးကိုလုပ်ဦးမှာ။ ကျနော်ဂတ္တရားရှိတယ်ဗျ။ ထောင်ထဲမှာလည်း အမြဲတမ်းပြောတယ်။ ကျနော်တို့မှာ လုပ်နိုင်တယ်။ ကျနော်တို့မှာအစွမ်းအစရှိတယ်။ လုပ်ဖို့လူတွေရှိတယ်။ လုပ်ဖို့အင်အားရှိတယ်။ ဒီလိုဟာတွေ ကျနော်မပြောဘူး။ ကျနော်အသက်လည်းကြီးပြီဗျာ။ လုပ်နိုင်သလောက်ကတော့ ကျနော်လုပ်မယ်။ စစ်မှန်သော ဒီမိုကရေစီနိုင်ငံရေးအတွက်လုပ်မယ်။ လုပ်ရမယ် ကျနော့်မှာဂတ္တရားရှိတယ်။ အန်အယ်လ်ဒီထဲ ဂင်လုပ်ရေး မလုပ်ရေးဆိုတာကတော့ သူတို့ကို အစိုးရကနေ ညွှန်ကြားတဲ့အတွက်ကြောင့် ၁၉၉၀ ခုနှစ်ကတည်းက ဒေါ်စုတို့၊ ဦးကြည်မောင်တို့၊

ဦးတင်ဦးတို့၊ ကျနော်တို့ကို ထုတ်ပြီးသားဗျ။ အဲဒါကို ကျနော် အန်အယ်လ်ဒီထဲပြန် လုပ်နိုင်လား၊ မလုပ်နိုင်လား ကျနော်မသိဘူး။ လုပ်လို့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျနော်ကတော့ ဒီမိုကရေစီရေး အတွက်တော့ လုပ်မှာပဲ။ ပါတီဝင်ဖြစ်ဖြစ်၊ ပါတီဝင်မဖြစ်ဖြစ်။

သို့သော် အန်အယ်လ်ဒီနဲ့ ပတ်သက်လို့ အန်အယ်လ်ဒီဟာ ဒီနေ့ရပ်တည်ချက်နဲ့ပတ်သက်လို့ အန်အယ်လ်ဒီဟာ အတော်အတန်ကောင်းတယ်၊ အတော်အတန်တိုးတက်တယ်၊ အတော်အတန်မှန်တယ်လို့ ယူဆတဲ့အတွက် အန်အယ်လ်ဒီဘက်တော့ ကျနော်ရပ်နေမှာပဲ။ အကယ်၍ အန်အယ်လ်ဒီဟာ ချွတ်ချော်နေရင်လည်း ကျနော် အန်အယ်လ်ဒီဘက်ကရပ်ပြီးတော့ အန်အယ်လ်ဒီကိုဆက်ပြီးတော့ နေနေမှာပဲ။ မှားတောင်မှ ပြင်ယူမယ်ဗျာ။ ကိုယ့်ကိုအကပ်မခံလည်း အတင်းကပ်မှာပဲ။ ဘာကြောင့်လဲဆိုတော့ အန်အယ်လ်ဒီဟာ အားပဲ၊ အန်အယ်လ်ဒီဟာ နိုင်ငံရေးအဖွဲ့အစည်း၊ ဒီအဖွဲ့အစည်းဟာ မပျက်သုဉ်းကောင်းဘူးလို့ ကျနော်ယူဆတယ်။

နောက်တခုက ကျန်တဲ့အဖွဲ့အစည်းများနဲ့ လက်တွဲရေး၊ စုစည်းရေးကို ကျနော် ကြိုးစားလုပ်မယ်။

ကျနော်လုပ်မယ့်ဟာ ချုပ်လိုက်ရင် ဒီမိုကရေစီရေးအတွက် ကျနော်အဓိကထားပြီး လုပ်မယ်။ (၂) က အန်အယ်လ်ဒီမှာ စုစည်းရေး၊ အန်အယ်လ်ဒီကို ပြန်းရုံရေးအတွက် ကျနော်ဆက်ပြီးလုပ်မယ်။ နောက်တခုက ကျန်တဲ့အဖွဲ့အစည်းများနဲ့ လက်တွဲနိုင်သမျှလက်တွဲရေး၊ ကျန်တဲ့အင်အားစုများနဲ့ တူတာဖြစ်ဖြစ် မတူတာဖြစ်ဖြစ် တွဲရေး အဲဒါလုပ်မယ် အဲဒီအတိုင်းသဘောထားတယ် ။

အဲလိုသဘောထားတဲ့အခါမှာ လုပ်ဟန်ကတော့ဘာလဲဆိုရင် အာဏာရှင်စနစ်တို့၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ဘယ်သူ့ကိုဘာညာဆိုပြီး ဒီလိုပုဂ္ဂိုလ်ရေးကို အဖွဲ့အစည်းကြီးကို တိုက်တာမျိုး ကျနော်ဘာမှမလုပ်ဘူး။ သူတို့လုပ်နေတာ စစ်အာဏာယန္တရားကို ကျနော် ဒါလက်မခံဘူး။ ဒါသူတို့ကို ကျနော်သူတို့ကိုလည်း ပြောခဲ့ပြီးပြီ။ ဒီလူတွေ အပြင်ထွက်ပြီး နိုင်ငံရေးလာလုပ်ရင် ကျနော်တို့အထဲလာလုပ်မလား၊ တခြားပါတီမှာလုပ်မလား။ သူတို့အဖွဲ့အစည်းမှာရှိတဲ့ အဖွဲ့ဝင်တွေက ထောက်ခံရင် သူတို့ဘာသူတို့ ခေါင်းဆောင်တွေအဖြစ် ညှိနှိုင်းလုပ်ပေါ့။
သို့သော် တပ်ကနေပြီးတော့ တိုင်းပြည်ရဲ့ပေါ်မှာ၊ လွှတ်တော်ရဲ့အပေါ်မှာ တိုင်းပြည် ပြည်သူပြည်သားရဲ့ ဆန္ဒအပေါ်ကနေပြီးတော့ တပ်မတော်သည် ဗမာ့နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာပါရမည်ဆိုတာ ကျနော်လက်မခံဘူးဗျ။ အဲလိုလက်မခံတဲ့အတွက် ကျနော်ကတော့ ဘယ်လို စကားလုံးသုံးလည်းဆိုတော့ စစ်အာဏာ ယန္တရားကို ဖျက်သိမ်းပါ။ ခင်ဗျားတို့ဟာ ထောက်လှမ်းရေးယန္တရားကြီးကို တောင်ဖျက်နိုင်ခဲ့ရင် ဘယ်လောက်ပျက်တယ်၊ မပျက်တယ်ကတော့ တပိုင်းပေါ့ဗျာ။ တချို့ထောက်လှမ်းရေးတွေ ရာထူးကြီးတွေလုပ်ကိုင်နေတာ ဒါထား။

ထောက်လှမ်းရေးယန္တရားပျက်စီးသွားတဲ့အတွက် ကျနော်တို့တိုင်းပြည်မှာတော့ ဘယ်လောက်သက်သာသလဲတော့ကျနော်မသိသေးဘူး။ ကျနော်တို့ ထောင်ထဲမှာတော့ အများကြီး သက်သာသွားတယ်။ ထောက်လှမ်း ရေးတွေက အမျိုးမျိုးနှိပ်စက်၊ အမျိုးမျိုးညှဉ်းပန်း၊ အမျိုးမျိုး ညစ်လုပ်ခဲ့တယ် ဒီယန္တရားက။ အဲဒီလိုပဲ အခုရှိတဲ့ခေါင်းဆောင်များက စစ်အာဏာယန္တရားကြီးကိုဖျက်သိမ်းပါ။ အမှတ် (၆)လိုဟာမျိုး ဖျက်သိမ်းပါ။ ဒီလိုလုပ်ရင် အများကြီးတိုင်းပြည်ရဲ့ပြဿနာကို ဖြေရှင်းနိုင်မယ်။

အဓိက ကျနော်လုပ်မယ့်ဟာကတော့ ဒီမိုကရေစီနိုင်ငံရေးကိုလုပ်မယ်။ နောက်တခုက အလုပ်လုပ်မယ့်ဟန်က သဘောထားက ဘာလဲဆိုရင် စစ်တပ်မို့လို့၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမို့လို့၊ ဘာလို့၊ လူပုဂ္ဂိုလ်တွေ ကျနော် ဘယ်သူ့မှ အပြစ်မတင်ဘူး။ ဘယ်သူ့ကိုမှ မရှုတ်ချဘူး၊ ဘယ်သူ့ကိုမှ မကန့်ကွက်ဘူး။ လက်တွဲလုပ်နိုင် ရင်လုပ်မယ်။ ဒါပေမယ့်လို့ နိုင်ငံရေးကို နိုင်ငံရေးသမားအနေနဲ့လုပ်ပါ။ စစ်တပ်ကနေ စစ်အာဏာယန္တရားကြီးကို ဖျက်သိမ်းပါလို့ အဲဒီတောင်းဆိုချက်နဲ့ ကျနော်ရပ်မယ်။ နောက်တခုက ကျနော်စုစည်းနိုင်သမျှ စုစည်းမယ်။ ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် အကုန်လုံးကိုလက်တွဲပြီးတော့ လုပ်သွားမယ်။

မေး- ဆရာကြီးအနေနဲ့ အန်အယ်လ်ဒီမှာ ပြန်ပြီးတာဝန်ယူမယ်ဆိုရင် တာဝန်ပြန်ပေးမှာဖြစ်ပြီး လက်ခံမယ်လို့ မျှော်လင့်တဲ့အကြောင်း အန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ကခေတ်ပြိုင်ကို ပြောပါတယ်။ ဆရာကြီးအနေနဲ့ ဒီကမ်းလှမ်းမှုအပေါ် ဘယ်လိုသဘောရပါသလဲ။

ဖြေ- သူတို့မှာ ဒီသဘောထားရှိတာကို ကြိုဆိုပါတယ်။ ဝမ်းလည်းသာတယ်။ ဒီသဘောထားမျိုးဟာ ကျနော့်အပေါ်မှာထားသလို လူတိုင်း

အပေါ်မှာထားနိုင်ဖို့ မျှော်လင့်ပါတယ်။ ကျနော်တယောက်တည်းတင် ဘယ်တာဝန်ဘာညာ ဒါကအရေးမကြီးမပါဘူး။ ဒီသဘောထားက အားလုံးကို ကမ်းလှမ်းမယ်၊ ကျနော်တို့ ရဲဘော်ဟောင်းတွေကို စုစည်းနိုင်သမျှစုစည်းမယ်ဆိုတဲ့ သဘောထားရှိရင်အကောင်းဆုံးပဲ။ ဒါကြောင့်မို့လို့ ကျနော် ဒီသဘောထားကိုကြိုဆိုပါတယ်လို့ပြောချင်တယ်။ ဦးလွင်တို့ဘက်က ဒီလိုသဘောထားတာ သိပ်ကောင်းတဲ့ဟာ၊ သိပ်လည်းမှန်တဲ့ဟာ လုပ်တာမလုပ်တာတို့၊ ဘာတို့ဆိုတာတပိုင်း။ ဘာလို့လုပ်တာမလုပ်တာ တပိုင်းလို့ ပြောရလည်းဆိုရင် သူတို့ရော ဘယ်လောက်လုပ်နိုင်မလဲဆိုတာ ကြည့်ရဦးမယ် ဒါတခုပေါ့။

နောက်တခုက သူတို့ခေါင်းဆောင်မှုရှိနေတဲ့ ခေါင်းဆောင်မှုကို ကျနော်တို့က လေ့တခုကို မလှူပ်ချင်တော့ဘူးဗျ၊ ဒါလည်း ထည့်စဉ်းစားရမယ့်ဟာပေါ့။ ဦးလွင်တို့ခေါင်းဆောင်နေတာ မှားယွင်းနေရင်တော့ ဂမ်းသာပါတယ်ဗျာ ခင်ဗျားတို့ကြွပါတော့လို့ ပြောရုံပဲရှိတယ်။ မမှား ယွင်းဘူးဗျ။ သူတို့မှန်နေတယ်လို့ ကျနော်ထင်တယ်။

အခုရပ်တည်ချက်ဟာ တော်တော်ကောင်းတယ်လို့ ကျနော်ထင်တယ်။ အဲလိုဟာမျိုးမှာ ကျနော်တို့ ခေါင်းဆောင်ဖို့နေရာက အရေးမကြီး ဘူးဗျ။ ကျနော်တို့ စုစည်းနိုင်ဖို့ပဲ။ စုစည်းနိုင်ဖို့သဘောထားကို ကျနော်တို့အပြင် ဥပမာ ဒေါ်မြင့်မြင့်ခင်တို့၊ ကိုဂံသတို့၊ ကိုချမ်းအေးတို့ စသည့်ပုဂ္ဂိုလ်တွေအားလုံးကို စုစည်းနိုင်သမျှစုစည်းဖို့ကြိုးစားပါ။ အဲဒီသဘောထားကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ကြက်ပါလို့၊ ဖြန့်ကြက်လိမ့် မယ်လို့ ကျနော်မျှော်လင့်တယ်။ ကျနော်တိုက်တွန်းတာမဟုတ်ဘူး ကျနော်မျှော်လင့်တယ်။ ဖြန့်ကြက်နိုင်ရင် အကောင်းဆုံးပဲလို့ ကျနော် ထင်တယ်။ လုပ်ရေးမလုပ်ရေး ဒါအရေးမကြီးပါဘူး။ အမှန်အတိုင်းပြောရရင် အန်အယ်လ်ဒီကို ဂန်းရုံကြဆိုတဲ့ ကြွေးကြော်သံကို တလျှောက်လုံးရပ်နေတဲ့အတွက် အန်အယ်လ်ဒီကို အမြဲတမ်းထောက်ခံပြီးသား။ ခေါင်းဆောင်မှုဟာလည်း ဘာပဲပြောပြော ဒီနစ်ပိုင်းမှာ သိပ်ကိုမှန်တယ်လို့တောင် ထင်ပါတယ်။

မေး- နအဖရဲ့ ရှဒ်မက်ကလွဲပြီး တခြားရွေးချယ်စရာလမ်းမရှိတော့ဘူးဆိုပြီး၊ ထွက်ပေါက်ပိတ်နေပြီဆိုပြီး လက်ရှိနိုင်ငံရေး အခြေအနေအပေါ်မှာ စိတ်ပျက်မှုတွေဖြစ်ပေါ်နေပါတယ်။ အဲဒီအပေါ်မှာ ဆရာကြီးရဲ့ အမြင်ဘယ်လိုရှိပါသလဲ။

ဖြေ- ဒါကဒီလိုရှိတယ်ဗျ။ စိတ်ပျက်တဲ့လူတွေကို ကျနော် အပြစ်မတင်ချင်ပါဘူး။ စိတ်လည်းပျက်လောက်တယ်ဗျ။ စိတ်ပျက်လောက်တဲ့ အကြောင်းကဘာလဲဆိုရင် စစ်အစိုးရဟာ တံခါးတွေပိတ်နေပြီဗျ၊ လမ်းတွေပိတ်ပစ်နေပြီ၊ ဒီဖွဲ့စည်းပုံဆိုတာလည်း ဒီကနေထွက်လာမယ့် ရွေးကောက်ပွဲတို့၊ ပါတီတွေရပ်တည်ခွင့်တို့ဆိုတာတွေဟာ အဲဒီမှာ တံခါးပိတ်နေပြီဗျ။ ဒါကြောင့် ကျနော်တို့က ခင်ဗျားတို့ပိတ်ချင်တာ ပိတ်။ ခင်ဗျားတို့ချချင်တာချ။ ကျနော်တို့ လက်မခံဘူး။ ဖွဲ့စည်းပုံကို ကျနော်တို့ကလက်မခံတဲ့အတွက် ဒီကနေပေါက်ဖွားလာမယ့် နိုင်ငံ ရေးပါတီများ ရပ်တည်ခွင့်တို့၊ ရွေးကောက်ပွဲကိစ္စတို့ ဘာတို့ ဒါတွေပါ ကျနော်တို့လက်ခံလို့မရဘူး။ ဒါပေမယ့် ကျနော်တို့က တခုရှိတယ် လက်မခံဘူးဆိုပြီး မျက်စိမှိတ်ပြီး ငြိမ်နေတာမဟုတ်ဘူး။ ဆွေးနွေးကြဦးစို့။ ဘယ်လိုများ လုပ်လို့ ရမလဲ။ ခင်ဗျားတို့အတိုင်းဆိုရင် လမ်းကပိတ်နေတယ်။ ဒီလိုပိတ်သွားရင် နိုင်ငံရေးက တလမ်းသွားပဲဖြစ် တော့မယ်။ တဖက်ပိတ်ပဲဖြစ်တော့မယ်။ လမ်းထဲဝင်တဲ့လူပဲ ရှိတယ်။ ကျန်တဲ့လူတွေအကုန်လုံးဟာ လမ်းပေါ် မှာ လေလွင့်နေရမယ့်သဘောမျိုးဖြစ်နေတယ်။ ဒါမျိုး ကျနော်လက်မခံဘူး။ တွေ့ဆုံ ဆွေးနွေးရေးနဲ့ပတ်သက်လို့ တချို့ပုဂ္ဂိုလ်များက ပြီးသွားပြီ လမ်းပိတ်သွားပြီဆိုပြီး ပြောတယ်။

ကျနော်က အဲ့လိုမထင်ဘူးဗျ။ တွေ့ဆုံဆွေးနွေးရေးက လုပ်ရမှာပဲ။ တွေ့ဆုံဆွေးနွေးစရာတွေ အများကြီးရှိသေးတယ်လို့ ကျနော်ယူဆ တယ်။ တမျိုးတည်းပဲ တဖက်တည်းပဲကြည့်ရင်၊ အစိုးရလုပ်တဲ့ဟာ လောက်ပဲကြည့်ရင်တော့ တွေ့ဆုံဆွေးနွေးရေးမလိုတော့ဘူးပေါ့။ ကျနော်တို့ဘက်ကကြည့်ရင်တော့ ကျနော်တို့မှာ တွေ့ဆုံဆွေးနွေးစရာတွေ အများကြီးရှိသေးတယ်။ အဲဒါကြောင့် ကျနော်က တွေ့ဆုံ ဆွေးနွေးရေးကို ပစ်ပယ်တာကို ကျနော်လက်မခံဘူး။

တွေ့ဆုံဆွေးနွေးလို့ကော ဘာထူးမှာလဲ။ အကုန်လုံးလမ်းတွေပိတ်နေပြီဆိုပြီး ဒါအစိုးရမျက်စိ နဲ့ကြည့်နေတာကိုးဗျ။ ဒီလမ်းကြီးကို ခင် ဗျားတို့မပိတ်နဲ့ဦး စက်ကြီးတော့နိုးနေပြီဗျာ လမ်းပိတ်တဲ့ Road Block တွေချနေပြီဗျာ။ တုန်းတွေဘာတွေချနေပြီ။ အဲဒါကို ကျနော်တို့က ခင်ဗျားမချနဲ့ဦး၊ ဒီလမ်းကို ဒီလိုမလုပ်နဲ့ဦး၊ ဒီလမ်းကနေသွားစရာတွေ ရှိတယ်လို့ ကျနော်တို့ပြောနိုင်ရင် ဒါပြီးတာပဲ။ အဲဒါတွေချနေ တဲ့ဟာကို ရှေ့ဆက်ခရီးသွားမယ့်ဟာကို မပြောပါနဲ့တော့ဗျာ ဆိုတဲ့ဟာမျိုး။ လမ်းတွေပိတ်နေတာနဲ့တင် ရှေ့ခရီးကို ကျနော်တို့ကဆက်

BURMA STAR GROUP

ပြီးတော့ ဘယ်လိုခရီးသွားမယ်ဆိုတာ မပြောတော့ဘူးဆိုရင် ကျနော်တို့ကမှားတာပေ့ါဗျ။ ကျနော်တို့ခရီးသွားမယ့်ဟာကို ကျနော်တို့ပြောမှာပဲ။ သွားစရာခရီးရှိသေးတယ်။ သွားမယ့်ခရီးအတွက်ကို ကျနော်တို့မှာလုပ်စရာကိုင်စရာတွေ အလုပ်တွေအများကြီးရှိသေးတယ်။ ရည်မှန်းချက်ပန်းတိုင်းတွေ ကျနော်တို့မှာ အများကြီးရှိသေးတယ်။ ဒါတွေအတွက် Road Block တွေမချပါနဲ့။ ဒါနဲ့ပတ်သက်လို့ ဆွေးနွေးရမှာပေ့ါ။ တွေ့ဆုံဆွေးနွေးရေးက လုပ်ကိုလုပ်ရဦးမယ်လို့ ကျနော်ယူဆပါတယ်။

မေး- လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအားလုံးကို ခြုံငုံသိရှိနိုင်အောင် ဆရာဦးဝင်းတင်အနေနဲ့ အချိန်ဘယ်လောက်ယူလေ့လာပြီး ရှေ့ဆက်ဆောင်ရွက်သွားမှာပါလဲ။

ဖြေ- အဲဒါတော့ နိုင်ငံရေးကလည်း အလွန်ကျယ်ပြန့်တဲ့အခြေအနေ၊ နိုင်ငံရေးက အလွန်ရှုပ်ထွေး နေတဲ့အခြေအနေ၊ နောက်တော့ ကျနော်တို့ကိုယ်တိုင်ကလည်း လူတွေနဲ့ တွေ့ရဆုံရတာမလွယ်ဘူး။ ကျနော်ကတော့ စကားပြောဖို့ဆိုဖို့ အမြဲတမ်းကြိုးစားနေတာပဲ။ ကျနော်ကတော့ အဓိကလုပ်မယ့်အလုပ်က စုစည်းဖို့ပဲ လုပ်မယ့်အခါကတော့ ကျနော်နားထောင်မယ်၊ ကျနော်မှားတာတွေပြင်မယ် ကျန်တဲ့လူတွေလုပ်နေတာ ကျနော်နားထောင်မယ်၊ လူတွေကိုတတ်နိုင်သမျှ မသင့်တင့်တဲ့လူ အလှမ်းကွာနေတဲ့လူ အဲဒါတွေ စုစည်းမယ်လို့ ကျနော်မှန်းထားတယ်။ အဲဒါတွေအတွက်ပဲ ကျနော်လုပ်သွားမယ်၊ အဲတော့ ဘယ်လောက်ကြာမယ် မကြာမယ်ဆိုတာတော့ အတိအကျတော့ပြောလို့မရဘူး။ ဘာလို့လဲဆိုတော့ ကျယ်ပြန့်တဲ့ကိစ္စဖြစ်နေလို့ အလွန်ကျပ်တည်းကျဉ်းမြောင်းတဲ့ အခြေအနေဖြစ်ပါတယ်။

မေး- သတင်းစာဆရာကြီးတယောက်အနေနဲ့ စာနယ်ဇင်းလောကကိုရော ပြန်ဝင်ဖို့အစီစဉ်ရှိပါသေးလား။ သတင်းစာတို့၊ ဂျာနယ်တို့ စသည်ဖြင့် ထုတ်ဖို့ အလားအလာပေ့ါ ဘယ်လိုရှိပါသလဲ။

ဖြေ- အမှန်အတိုင်းပြောရရင် ကျနော့်လူပုဂ္ဂိုလ်အရပြောရရင်တော့ တော်တော်နည်းသွားပြီဗျ။ ဘာလို့လဲဆိုတော့ ဒီလိုအလုပ်မျိုးက လူငယ်များလုပ်တဲ့အလုပ်ဗျ။ စိတ်ဓာတ်တက်ကြွပြီးတော့ လှုပ်ရှားနေတဲ့ဟာ။ အပင်ပန်းခံနိုင်မှုဗျ။ ဥပမာ ကျနော်တို့ငယ်ငယ်က သတင်းစာလုပ်ခဲ့ဖူးတာ တနေ့ကို (၁၅) နာရီအထက် လုပ်ကြတာ။ ဆိုတော့ အခုဒါတွေမလုပ်နိုင်တော့ဘူး။ ဒါကတစ၊ နောက် ကျနော်တို့တွေက ခေတ်တွေဘာ တွေအများကြီးကွာနေပြီးတော့ နှစ်ပေါင်း (၂၀) လောက်ဝေးနေပြီဆိုတော့ ကျနော်လည်း အတော် န ပါတယ် ခင်ဗျာ။ တွေးတာခေါ်တာ၊ သိတာမြင်တာ အချက်အလက်တွေဘာတွေ အများကြီး န သွားပြီဗျ။

ဒီလိုအချက်တွေတင် မကဘူး၊ စာနယ်ဇင်းလောကမှာ လုပ်တယ်ဆိုတာကလည်း ဗမာပြည်ကြီးဟာ ရှင်းရှင်းပြောရ ရင် တနည်းအားဖြင့် ထောင်ကျတုန်းပဲဗျ။ တပြည်လုံးက ထောင်ကျနေတုန်းပဲ။ ခင်ဗျားတို့နဲ့ ကျနော်တို့ တယ်လီဖုန်းနဲ့ တက်ကနော်လော်ဂျီအရသာ ဆက်သွယ်နိုင်တာကို သာမန်အားဖြင့်ဆို ခင်ဗျား ကျနော့်လာတွေ့လို့မရဘူး။ ကျနော်လည်း ခင်ဗျားဆီ လာတွေ့လို့မရဘူး။ ခင်ဗျားနဲ့ ကျနော်နဲ့ နယ်စပ်မှာဆုံရအောင် ဒါမှမဟုတ် မြို့ထဲကတနေရာမှာ ဆုံတွေ့ရအောင် လုပ်လို့မရဘူး။ ဗမာပြည်ကြီးက ထောင်ကျနေတုန်းပဲ ရှိပါသေးတယ်။ ဗမာပြည်ကြီးက မျက်စိပိတ်နားပိတ် အကုန်းလုံးပိတ်ထားတုန်းပဲ ရှိပါသေးတယ်။ အဲတော့ ကျနော် သတင်းစာလောကထဲဝင်လုပ်မယ်ဆိုရင် စာပေစိစစ်ရေးတို့ဘာတို့က တခြားမပြောနဲ့ဗျာ ကျနော်အလုပ် လုပ်ဖို့လည်းမလွယ်ဘူး စာရေးဖို့လည်းမလွယ်ဘူး။

ကျနော့်နာမည်ကို လူတယောက်ကနေပြီးတော့ ကျနော့်နာမည်နဲ့ပတ်သက်ပြီးသုံးခွင့်မရှိဘူး။ ဆရာဦးဝင်းတင် အကြောင်းဆို ဆရာဦးဝင်းတင်ရဲ့နာမည်ကြီး တလုံးသုံးခွင့်မရှိဘူး အကုန်ဖျက်ပစ်တာဗျ။ အဲဒါကြောင့် ဒီဟာနဲ့ပတ်သက်လို့တော့ လူငယ်တွေလုပ်ကြပါ။ ကျနော်တို့တွေ အကြံပေးချင်တယ်။ ကျနော်တို့တွေ ဝိုင်းဝန်းကူညီချင်တယ်။ လူငယ်တွေလုပ်တာကို အားပေးချင်တယ်။ လူငယ်တွေလုပ်တာကို ကျနော်တို့ ဖတ်ချင်တယ်။ ဒါပဲကျနော်တို့ကမျှော်လင့်နိုင်မယ်။ ကျနော်ထင်တယ် ဒါတော့ လုပ်ဖို့ကတော့ မပြောနိုင်ဘူးပေ့ါဗျာ။ လုပ်ဖို့တာဝန်ကျလာလို့ လုပ်ရမယ်ဆိုတဲ့ဟာမျိုးဆိုရင်တော့ လုပ်ရမှာပဲပေ့ါဗျာ။ လုပ်စရာလိုတယ်ဆိုရင်၊ လုပ်ခွင့်ရှိတယ်ဆိုရင်တော့ လုပ်မှာပဲ သို့သော် အခြေအနေအရတော့ လူငယ်တွေကိုပဲ အားကိုးပါတယ်။

မေး- နောက်ဆုံးအနေနဲ့ ဆရာကြီးရဲ့ ထောင်အတွင်း အနှစ် (၂၀) အတွေ့အကြုံကို တခွန်းတည်း ပြောပါဆိုရင် ဆရာဘယ်လိုပြောမလဲခင်ဗျ။

ဖြေ- တခွန်းတည်းပြောရမယ်ဆိုရင်တော့ ကျနော် ငရဲကလွတ်လာတယ်လို့ပဲ ပြောချင်တယ်။ အတိုင်းအတာ တခုအထိ ငရဲပဲ။ ကျနော် ငရဲဘာလို့ ပြောလဲဆိုရင် ကျနော့်ကို နောက်ထပ်သက်သေခံမယ့်လူတွေ၊ နောက်ထပ် မင်းကိုနိုင်တို့ ထပ်ထွက်လာ၊ ဇာဂနာတို့ ထွက်လာ၊ နောက်ထပ်ကျန်တဲ့လူတွေ ထွက်လာရင် ထပ်မေးကြည့်ပါ ဒီလူတွေလည်း ဒီအတိုင်းပြောမှာပဲ။ မစ္စတာပီညဲရိုးတို့ဘာတို့ အပါအဝင် ပိုင်းဂန်းကြီးပမ်းတဲ့အတွက် ထမင်းလေးတော့ ဂအောင်စားရတယ်တို့၊ ဘာတို့ရှိသော်ငြားလည်း သူတို့က ပိတ်ထားလှောင်ထား၊ မျက်စိပိတ်ထားနား ပိတ်ထား၊ အဆက်သွယ်မလုပ်ရဘာမလုပ်ရ ကျနော်ဆိုရင်နှစ်ပေါင်း (၂၀) က ပိတ်ထားရုံတင်မကဘူး ဘယ်သူနဲ့မှ တွေ့ရတာမဟုတ်ဘူး သီးခြား နေရာမှာဖြစ်နေတယ်။

ကျနော် ဆိုရင် ကျနော့်အထဲမှာဆိုရင် ကျနော်တို့နဲ့ မဆိုင်တဲ့ကျနော်တို့နဲ့ ဘာမှနိုင်ငံရေးအားဖြင့် ဘာမှ အဆက်အစပ်မရှိဘူးဆိုတဲ့ လူတွေနဲ့ရောထားတာ။ ဒီလူတွေနဲ့ ရန်မဖြစ်အောင်။ စိတ်ထဲမှာ တယောက်နဲ့တ ယောက် မနာကြည်းအောင် တယောက်နဲ့ တယောက် အခြေအတင်မဖြစ်အောင် မနည်းလုပ်ယူရတာ။ အဲဒါကြောင့် တခွန်းတည်းပြောရရင် ဒါငရဲပဲဗျ။

********************

BURMA STAR GROUP

# ဦးဝင်းတင်နှင့် သက္ကရာဇ်များ

| | |
|---|---|
| ၁၂ ရက်၊ မတ် ၁၉၃၀ | မြန်မာနိုင်ငံ အလယ်ပိုင်း ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်တွင် အဖ ဦးပုနှင့် အမိ ဒေါ်အမာ တို့မှ ဖွားမြင်ခဲ့သည်။ |
| ၁၉၅၀ – ၅၄ | စာပေဗိမာန်တွင် လက်ထောက် အယ်ဒီတာအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ |
| ၁၉၅၃ | သတင်းထောက်တပိုင်းဖြင့် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက် သင်ကြားခဲ့ပြီး အင်္ဂလိပ်စာပေ၊ နိုင်ငံရေးသိပ္ပံနှင့် ခေတ်သစ်ရာဇဝင် (ခေတ်ပေါ် သမိုင်း) ဘာသာရပ်တို့ဖြင့် ဘွဲ့ရရှိခဲ့သည်။ |
| ၁၉၅၃ | AFP ကြေးနန်း သတင်းဌာနတွင် ညပိုင်း အယ်ဒီတာအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။ |
| ၁၉၅၄ – ၁၉၅၇ | နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ အခြေစိုက် Djambartan Publication Company တွင် စာအုပ်ထုတ်ဝေရေးပညာနှင့် သတင်းစာနယ်ဇင်း ပညာများကို သွားရောက် ဆည်းပူးရင်း မြန်မာဘာသာဆိုင်ရာ စာအုပ်စာတမ်းများ ထုတ်ဝေရေးတွင် အကြံပေးသူအဖြစ်ပါ လုပ်ကိုင် ဆောင်ရွက်ခဲ့သည်ထိုအချိန် ပြည်ပရောက် ဗမာများအတွက် မြန်မာပြည်အတွင်းမှ သတင်းများကို စုစည်းတင်ပြထားသော "တို့ပြည်သတင်း" အမည်ရှိ သတင်းစာတစောင် ကိုယ်တိုင် ထုတ်ဝေ ဖြန့်ချီခဲ့သည်။ |
| ၁၉၅၇ – ၁၉၆၉ | ကြေးမုံသတင်းစာ စတင် တည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး ၎င်းသတင်းစာတွင် အယ်ဒီတာချုပ် အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ |
| ၁၉၆၉ | ပြည်သူပိုင် သိမ်းခံထားရသည့် ဟံသာဝတီ နေ့စဉ်သတင်းစာတွင် ဦးဝင်းတင်ကို အယ်ဒီတာချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်အာရှနှင့် ဥရောပ နိုင်ငံခြား တိုင်းပြည်များသို့ ခရီးသွားရောက်ခဲ့သည်။ |
| ၁၉၇၈ | မန္တလေး စနေစာဖတ်ဝိုင်းအတွင်း အစိုးရအား ဆန့်ကျင်သော အကြောင်းအရာများ ဆွေးနွေးခဲ့ခြင်းနှင့် သတင်းစာမှ အစိုးရအား ဝေဖန်သော အာဘော်များကို အကြောင်းပြုပြီး ဟံသာဝတီ နေ့စဉ်သတင်းစာအား ထိုစဉ်က အာဏာရ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ဖျက်သိမ်းခဲ့သည်။ |
| ၁၉၈၈ | လူထုအုံကြွမှုအတွင်း စာရေးဆရာများသမဂ္ဂ ဖွဲ့စည်းရာ ဒုတိယဥက္ကဋ္ဌ အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်ကျောင်းသားသမဂ္ဂမှ စီစဉ် ထုတ်ဝေသော သမဂ္ဂသတင်းစဉ် တွင်လည်း တက်ကြွစွာ ရေးသားခဲ့သည်။ |
| ဒီဇင်ဘာ ၁၉၉၈ | အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ထူထောင်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည်။ |
| ၁၉၈၈ | အန်အယ်ဒီမှ ဦးအောင်ကြီး နုတ်ထွက်သွားသောအခါ ဦးဝင်းတင်သည် ပါတီအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ |
| ဇွန်လ ၁၉၈၉ | အစိုးရ၏ သာသနာရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံရေးပါတီများ လွတ်လပ်စွာ ရေးသားထုတ်ဖော် စည်းရုံးခွင့်ကို ပိတ်ပင်သော ကြေငြာချက်အမှတ် ၃၈ ကို ထုတ်ပြန်သောအခါ "အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာ ဟူသမျှ တာဝန်အရ ဖီဆန်ကြ "ဟူသော ဆောင်ပုဒ်ကို ဦးဝင်းတင်မှ ရေးသားခဲ့သည်။ |
| ဇူလိုင် ၁၉၈၉ | အာဏာသိမ်း စစ်အစိုးရက ဦးဝင်းတင်အား ဖမ်းဆီးခဲ့သည်။ |
| အောက်တိုဘာ ၁၉၈၉ | ပါတီဝင်တဦး ကိုယ်ဝန်ဖျက်ချမှုတွင် သိလျှက်နှင့် အာဏာပိုင်များသို့ တိုင်ကြားရန် ပျက်ကွက်ခဲ့သည်ဆိုကာ |

BURMA STAR GROUP

| | |
|---|---|
| | အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခံခဲ့ရသည်။ |
| ဇွန် ၁၉၉၂ | အရေးပေါ်စီမံချက် အက်ဥပဒေ ပုဒ်မ ၅ ညဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် ၁၁ နှစ် ဆက်လက် အပြစ်ပေးခံရသည်။ |
| ၁၉၉၄ | ထောင်တွင်း အကျဉ်းကျနေစဉ်မှာပင် "စု-နဝတ တွေ့ဆုံဆွေးနွေး အဖြေရှာရေး" စာတမ်းကို ရေးသားခဲ့သည်၊ ထို့နောက် - ဒေါ်စု လွတ်မြောက်ရေး - အမျိုးသားညီလာခံအား ရပ်တန့်ရန် - စစ်မှန်သော တွေ့ဆုံဆွေးနွေးရေး စသည့် အချက်သုံးချက်ကို ထုတ်ပြန် တောင်းဆိုခဲ့သည်သုံးပွင့်ဆိုင် ဆွေးနွေးရေးသည်သာ ယနေ့ နိုင်ငံရေး အကြပ်အတည်း ဖြေရှင်းရန် လမ်းကြောင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ |
| ၁၉၉၄ | အမေရိကန် လွှတ်တော်အမတ် ဘီလ်ရစ်ချတ်က ထောင်တွင်းသို့ သွားရောက်ပြီး ဦးဝင်းတင်အား တွေ့ဆုံခဲ့သည်။ |
| ၁၉၉၅ | "ကမ္ဘာသို့ ပြန်ကြားလွှာ" ထုတ်ပြန်ခဲ့ပြီး စစ်အစိုးရကို အရေးယူရန် တောင်းဆိုခဲ့သည်ထို့နောက် "ပြည်သူများအား ပြန်ကြားလွှာ" ထုတ်ပြန်ခဲ့ပြီး စစ်အစိုးရကို ကန့်ကွက်ရန် တိုက်တွန်းခဲ့သည်။ အန်အယ်လ်ဒီကို အမျိုးသား ညီလာခံမှ နုတ်ထွက်ရန် အကြံပြုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အား ပါတီကို အပြောင်းအလဲ ပြုလုပ် ဖွဲ့စည်းရန် အကြံပေးခဲ့သည်။ |
| ဇူလိုင် ၁၉၉၅ | စာမျက်နှာ ၉၃ မျက်နှာပါ "မြန်မာပြည်ထောင်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ" အစီရင်ခံစာအဖြစ် ထောင်တွင်း နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများကို စုစည်း ရေးသားကာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယိုဇိုအိုကိုတာ ထံ ပို့ဆောင်နိုင်ခဲ့သည်။ |
| မတ်၊ ၁၉၉၆ | အစီရင်ခံစာအား ခိုးထုတ်တင်ပြမှု စစ်အစိုးရ သိရှိသွားပြီး ထောင်ဒဏ် ၇ နှစ် ထပ်မံ ချမှတ်ခံရပြန်သည်။ |
| စက်တင်ဘာ ၁၉၉၇ | နှလုံးရောဂါ အခြေအနေဆိုးဝါးမှုကြောင့် ရန်ကုန်ဆေးရုံကြီး၌ တက်ရောက် ကုသခဲ့ရသည်။ |
| ၂၀၀၁ | ယူနက်စ်စကိုမှ ချီးမြှင့်သော ကမ္ဘာ့ စာနယ်ဇင်း လွတ်လပ်ရေးဆု (Guillermo Cano World Press Freedom) နှင့် ကမ္ဘာ့ စာနယ်ဇင်းအသင်း၏ လွတ်လပ်ရေးအတွက် ရွှေကလောင်ဆု (World Association of Newspapers' Golden Pen of Freedom) တို့အား ချီးမြှင့်ခံခဲ့ရသည်၊ |
| နိုဝင်ဘာ ၂၀၀၂ | နှလုံးရောဂါ အခြေအနေ ဆိုးဝါးမှုကြောင့် ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်ကုသခဲ့ပြီး ဇွန် ၂၀၀၃ တွင် အကျဉ်းထောင်သို့ ပြန်လည် ရောက်ရှိသည်။ |
| ဒီဇင်ဘာ ၂၀၀၃ | နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ (Amnesty International) ကိုယ်စားလှယ်က ဦးဝင်းတင်အား ထောင်တွင်း သွားရောက် တွေ့ဆုံခဲ့သည်။ |
| ၆ ဇူလိုင် ၂၀၀၅ | နိုင်ငံရေး အကျဉ်းသားပေါင်း ၄၀၀ ကျော်ကို စစ်အစိုးရက ပြန်လွှတ်ပေးခဲ့သည်ထိုနေ့တွင် ဦးဝင်းတင်အားလည်း ပြန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ထောင်ဗူးဝရောက်မှ ပြန်လည် အကျဉ်းချသွားသည်။ |
| ၂၀၀၆ | နယ်စည်းမခြား သတင်းထောက်ဆု (Winner of Reporters Without Border) ဆုကို ချီးမြှင့်ခံခဲ့ရသည်။ |
| အောက်တိုဘာ ၂၀၀၇ | စက်တင်ဘာ ဆန္ဒပြမှုများအပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ပင်ညဲရိုးက |

BURMA STAR GROUP

| | |
|---|---|
| | ဦးဝင်းတင်အား အင်းစိန်ထောင်တွင်း သွားရောက် တွေ့ဆုံခဲ့သည်။ |
| ဇွန် ၂၀၀၈ | အဆုတ်နာ၊ အရိုးကျည်းပေါင်းတက် ရောဂါများ ခံစားနေရသည့်သွားများလည်း မကောင်းတော့သလို မျက်စိခွဲစိတ်ကုသခံရန် လိုအပ်နေသည်။ |
| ဩဂုတ် ၄ ၂၀၀၈ | ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကွင်တားနားမှ သွားရောက် တွေ့ဆုံခဲ့သည်။ |
| ၂၃ စက်တင်ဘာ ၂၀၀၈ | စစ်အစိုးရ က မြန်မာနိုင်ငံ အရပ်ရပ်ရှိ အကျည်းထောင်များတွင် အကျည်းကျခံလျှက်ရှိသော အကျဉ်းသားပေါင်း ၉၀၀၂ ဦးကို ပြန်လွတ်ပေးခဲ့ရာ နှစ်အရှည်ဆုံး ထောင်ကျနေသော ဦးဝင်းတင် အပါအဝင် နိုင်ငံရေး အကျဉ်းသား ၆ ယောက် လွတ်မြောက်လာခဲ့သည်။ |

**ဦးဝင်းတင် ရေးသား ထုတ်ဝေပြီးသော ထင်ရှားသော စာအုပ်များမှာ**

- အလှရှာပုံတော်
- ကမာနီတွင်တဒင်္ဂ
- ဗီယက်နမ်အောင်ပွဲ
- ခြေမှာ စကားလက်ဖျားကဗျာ
- ကွိ (ဘာသာပြန်)
- ဉတ္တရ အလင်း (ဘာသာပြန်)
- ပြည်သူတို့ရဲ့ စကားပြန်

(မဖွှိုမသတင်းဌာနမှကူးယူဖော်ပြပါသည်)

*******************

ထုတ်ဝေမှုမှတ်တမ်း

| | |
|---|---|
| အမည် | ပြည်သူတွေ ဒီမိုကရေစီ ရကိုရမယ် |
| နေ့စွဲ | ၂၀၀၈ စက်တင်ဘာ ၂၅ |
| စုဆောင်းမှု | BURMA STAR GROUP |
| စာတည်း | ဆုမွန်ဦး၊ နှင်းယုလွင် |
| အဆင်အပြင် | မထိုက် |
| ကွန်ပျူတာ | BURMA STAR GROUP |

STAR GROUP

## ဆရာကြီးဦးဝင်းတင်၏ ရုပ်ပုံလွှာအချို့



ယနေ့
ဦးဝင်းတင်
(၂၃-၉-၂၀၀၈)
(ယာပုံ)

အနှစ် ၂၀
ကျော် မှ
ဦးဝင်းတင်
(ဝဲပုံ)








ဒေါ်စုနှင့်အတူ



ဦးဝင်းတင်အသုံးပြုခဲ့သောမျက်မှန်